# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၇၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၆-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၇၀ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၅၆ ဦးရှိပါတယ်ခင်ဗျား။ ခွင့်ပန်ကြားသူ ၅၆ ဦးအနက် ၂၇ ဦးကတော့ ယခင်က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၃ ရက်၊

(၃) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၃ ရက်၊

(၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၅) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၆) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၇) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၈) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊

(၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၁၀) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၁၁) မောင်တောမဲဆန္ဒနယ် ဦးအောင်ဇော်ဝင်း ခွင့် ၁ ရက်၊

(၁၂) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၁၃) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၁၄) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၁၅) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၁၆) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၁၇) ဝန်းသိုမဲန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၂ ရက်၊

(၁၈) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၂ ရက်၊

(၁၉) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၂၀) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၃ ရက်၊

(၂၁) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၃ ရက်၊

(၂၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၃ ရက်၊

(၂၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၂၄) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၃ ရက်၊

(၂၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၃ ရက်၊

(၂၆) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၃ ရက်၊

(၂၇) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၃ ရက်၊

(၂၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၃ ရက်နှင့်

(၂၉) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦးအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျေးလက်နေပြည်သူများအထိ ကျယ်ပြန့်စွာ သိရှိနားလည်နိုင်ရန် ဆောင်ရွက်ထားရှိမှုအစီအစဉ်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်းဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ တရားဥပဒေစိုးမိုးရေးရှိမှသာ ဒီမိုကရေစီနိုင်ငံအဖြစ် အောင်မြင်စွာထူထောင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီမိုကရေစီနိုင်ငံအဖြစ် အောင်မြင်စွာထူထောင်နိုင်ခဲ့တာဟာ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများမှ ဥပဒေရေးဆိုင်ရာ အသိအမြင်များ ပွင့်လန်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတကြီးကလည်း တရားဥပဒေစိုးမိုးရေးရှိရန် လိုအပ်ကြောင်း အစဉ်အမြဲ တိုက်တွန်းမိန့်ကြားလျက်ရှိနေပါတယ်။ ကျွန်မတို့ နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ဥပဒေရေးဆိုင်ရာ အသိအမြင်များအားနည်းလျှင် မိမိတို့ကိုယ်တိုင်ဥပဒေကို မေ့လျော့စွာခံယူကျင့်သုံးလျှင် မလိုလားအပ်သော ပြဿနာများစွာကို ရင်ဆိုင်တွေ့ကြုံနိုင်ပါတယ်။ တရားဥပဒေစိုးမိုးရေး အောင်မြင်ရန် အဓိကသော့ချက်ဟာ ဥပဒေရေးဆိုင်ရာအသိအမြင်များပြန့်ပွားပြီး မိမိကိုယ့်ကိုမိမိ ဥပဒေကြောင်းအရ တာဝန်ယူရန် ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဥပဒေရေးဆိုင်ရာအသိအမြင်များ ပွင့်လန်းစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဌာနများမှ တာဝန်ရှိပါတယ်ရှင့်။ ဥပမာ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ရဲအဖွဲ့အစည်းများရဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများမှာ မှုခင်းအသိပညာပေးဟောပြောခြင်းလုပ်ငန်းရှိပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနရဲ့ အကောင်အထည်ဖော်ရန် နည်းနာ ၃ ရပ်မှာ ကျေးလက်ဒေသမှ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းပါဝင်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာလည်း ဥပဒေများကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေးစသည်တို့ကို ပြဋ္ဌာန်းထားပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဥပဒေရေးဆိုင်ရာ အသိအမြင်များပွင့်လင်းစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စု တရားရုံးချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်များစသည်တို့ရဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်

နိုင်ငံတော်ရဲ့မူဝါဒနှင့် လုပ်ငန်းစဉ်တွေမှာလည်း လေ့လာတွေ့ရှိနေရပါတယ်။ ဒါပေမယ့် လက်တွေ့ အကောင်အထည်ဖော်မှုအပိုင်းမှာ အလွန်အားနည်းနေတာကို လေ့လာတွေ့ရှိနေရပါတယ်။ ဥပဒေရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းကို မိမိဌာနအတွင်းသာ ပြုလုပ်ခြင်း၊ အချင်းချင်းအချိတ်အဆက်မရှိခြင်း၊ သွားလာရလွယ်ကူသော နေရာတွင်သာပြုလုပ်ခြင်း၊ ရပ်ကွက်ကျေးရွာအထိ ကွင်းဆင်းသင်တန်းပေးမှုအားနည်းခြင်း၊ မိမိတို့ရပ်ရွာက ဥပဒေအသိပညာကိုလိုချင်၍ သက်ဆိုင်ရာဌာနကို ဖိတ်ကြားလျှင် စရိတ်စက အကုန်အကျခံရခြင်း၊ လူအမြင်ကောင်းစေရန်သာ ပြုလုပ်ခြင်းစတဲ့ ကိစ္စရပ်များကို လေ့လာတွေ့ရှိနေရပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် နိုင်ငံတော်ရဲ့ လုပ်ငန်းစဉ်များကို နိုင်ငံသားအားလုံးက လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်သလို သက်ဆိုင်တဲ့ ဥပဒေများကို စွဲကိုင်ကျင့်သုံးရတဲ့ အဖွဲ့အစည်းအသီးသီးမှာလည်း အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီလည်းကောင်း တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမယ်လို့ ခံယူယုံကြည်ပါတယ်ရှင်။ အထူးသဖြင့် မူလတန်းကျောင်းများမှစ၍ ကျောင်းနေအရွယ်သိတတ်တဲ့ အသက်အပိုင်းခြားကနေစပြီး ဥပဒေရေးရာကိစ္စရပ်များအား ပြည်သူ့နီတိဖြင့် တွဲဖက်၍ ဟောပြောပို့ချသင်ကြားလေ့ကျင့်ပေးခြင်းများ စတင်ဆောင်ရွက်ပေးသင့်ပါပြီလို့ ယုံကြည်ပါတယ်ရှင့်။ သို့မှသာ ငယ်စဉ်အရွယ်မှစ၍ တရားဥပဒေကို လိုက်နာကျင့်သုံးတတ်တဲ့ အလေ့အထရှိလာမှာ ဖြစ်ပါတယ်။ တည်ဆဲဥပဒေများကို နိုင်ငံသားအားလုံးက သိရှိထားမှသာ အဲ့ဒီဥပဒေများကို လိုက်နာကျင့်သုံးပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အဆင့်မှနေ၍ ကျေးလက်နေပြည်သူများထံအထိကို တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ ဥပဒေရေးဆိုင်ရာ အသိအမြင်ပွင့်လန်းစေရန် နိုင်ငံတော်က ရေတိုရေရှည်စီမံကိန်းချမှတ်ကာ ဦးဆောင်၍ ပြုလုပ်ပေးသင့်တယ်လို့ ယုံကြည်ပါတယ်ရှင့်။ ဒါကြောင့် ကျွန်မမေးလိုတဲ့ ပထမမေးခွန်းမှာ (က) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျေးလက်နေပြည်သူများအထိ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေရေးဆိုင်ရာအသိအမြင်များ ကျယ်ပြန့်စွာသိရှိနားလည်နိုင်ရန်အတွက် ရေတိုရေရှည်စီမံကိန်းများ၊ အစီအမံများချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိပါသလား။ (ခ) စီမံဆောင်ရွက်ရန်မရှိက မည်သည့်အတွက်ကြောင့်နည်းလို့ မေးမြန်းအပ်ပါတယ်ရှင်။ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်ရှင်။ ယနေ့အချိန်အခါမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေနဲ့ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကိုလည်း ရွေးချယ်ပြီး

ဖြစ်ကြောင်းသိရှိရပါတယ်။ ဒါ့အပြင် အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာမှာ အခက်အခဲများစွာ ကြုံတွေ့ရပြီး ပြည်သူများမှ သက်ဆိုင်ရာဌာနများကို တိုင်ကြားစာပေးပို့နေတာကိုလည်း သိရှိရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုဖြင့် မြို့နယ်အားလုံးကို ၄-၂-၂၀၁၃ ရက်နေ့မှ ၁-၃-၂၀၁၃ ရက်နေ့အထိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေနဲ့ နည်းဥပဒေများကို သင်တန်းပေးနေကြောင်းကိုလည်း ဝမ်းမြောက်ဖွယ်ကြားသိရပါတယ်ရှင်။ ဒါပေမယ့် တိုင်းရင်းသားများဖြစ်တဲ့ အုပ်ချုပ်ရေးမှူးတချို့မှာ ဘာသာစကားအားနည်းခြင်း အထူးသဖြင့် ဗမာစကားဥပဒေဆိုင်ရာအသုံးအနှုန်းများကို အလုံးစုံနားလည်နိုင်စွမ်း အားနည်းခြင်း၊ အချိန်လုံလောက်မှုမရှိခြင်းစတာတွေကို ရင်ဆိုင်တွေ့ကြုံခံစားနေရကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ ဒါတွေကို နိုင်ငံတော်က ဖြေရှင်းပေးရမှာ ဖြစ်ပါတယ်ရှင်။ ဒါကြောင့် မေးမြန်းလိုတဲ့ ဒုတိယမေးခွန်းမှာ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်မည့်ပုဂ္ဂိုလ်များ နားလည်သဘောပေါက်ပြီးဖြစ်ပါသလား။ (ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရမည့် မြို့နေပြည်သူ၊ ကျေးလက်နေပြည်သူများ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေနှင့် နည်းဥပဒေများကို သိရှိနားလည်အောင် နိုင်ငံတော်က ဆောင်ရွက်ပြီးဖြစ်ပါသလား။ (ဂ) မဆောင်ရွက်သေးပါက မည်သို့စီမံဆောင်ရွက်မည်ကို သိလိုပါတယ်။ (ဃ) စီမံဆောင်ရွက်ရန် မရှိက မည်သည့်အတွက်ကြောင့်နည်းဟု မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရှမ်းပြည်နယ်၊ ကွန်းဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျေးလက်နေပြည်သူများအထိ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်စွာသိရှိနားလည်နိုင်ရန်အတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်ရေးဆွဲဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများကို အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်မည့်ပုဂ္ဂိုလ်များ နားလည်

သဘောပေါက်ပြီး ဖြစ်၊ မဖြစ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရမည့် မြို့နေပြည်သူ၊ ကျေးလက်နေပြည်သူများ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေကို သိရှိနားလည်အောင် ဆောင်ရွက်ပြီးဖြစ်၊ မဖြစ် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေး အာဏာဆိုတဲ့ အာဏာ ၃ ရပ် ရှိတဲ့အနက် အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်ရတဲ့ ဌာနအသီးသီးတို့က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့က တာဝန်လက်ခံထမ်းဆောင်ချိန်မှစပြီး ကျင့်သုံးဆဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ ဖြစ်စေရေးအတွက် ဥပဒေအချို့ကို ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းများအပြင် ခေတ်နှင့်အညီ ထပ်မံရေးဆွဲ ပြဋ္ဌာန်းသင့်တဲ့ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလို ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်နိုင်ဖို့အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ကြေညာခြင်း၊ နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းဖော်ပြပေးခြင်းများအပြင် ပြည်သူများစဉ်ဆက်မပြတ်သိရှိနိုင်စေဖို့ ပုဂ္ဂလိကဂျာနယ်များ၊ မဂ္ဂဇင်းများ၊ အင်တာနက်သတင်းဌာနများ၊ တရားဝင်ထုတ်ပြန်ထားရှိတဲ့ သမ္မတရုံးနှင့် ဝန်ကြီးဌာန Website များမှာလည်း ထည့်သွင်းဖော်ပြပေးလျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁)ကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၇) ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီဥပဒေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့အတွက် အထက်မှာတင်ပြခဲ့တဲ့ နည်းလမ်းများအတိုင်း ဆောင်ရွက်ခဲ့တဲ့ အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေကို ထပ်မံရေးဆွဲပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ရွေးချယ်ခန့်အပ်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလိုရွေးချယ်ခန့်အပ်မှုများမှာ ဥပဒေ၊ နည်းဥပဒေများပါအတိုင်း တိကျစွာ

ဆောင်ရွက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄) လက်ထောက်ညွှန်ကြားရေးမှူး ၆၄ ဦးကို သင်တန်းပို့ချလေ့ကျင့်ပေးခဲ့ပါတယ်။ သူတို့တွေကနေတစ်ဆင့် တိုင်းဒေသကြီး ပြည်နယ်များမှာရှိတဲ့ မြို့နယ်၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ပြည်သူလူထုနှင့်အများဆုံး ထိတွေ့ဆက်ဆံရတဲ့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို ၂၀၁၂ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်းမှာ အခြေခံအုပ်ချုပ်ရေးပြုပြင်ဖွဲ့စည်းရေးဆင့်ပွားသင်တန်း ၄၉ ကြိမ်ဖွင့်လှစ်ခဲ့ပေးပြီး သင်တန်းသား ၂၃၀၁ ဦးကို တက်ရောက်စေခဲ့ပါတယ်။ ဒါ့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေနှင့်အညီရွေးချယ်နိုင်ဖို့ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ် ရေးမှူးများက ရွေးချယ်ရေးလုပ်ငန်းစဉ်များဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲများကို ပို့ချခဲ့ပါတယ်။ ဒါ့အပြင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လူမှန်နေရာမှန် ရွေးချယ်နိုင်ဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ရုပ်ရှင်အနုပညာရှင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရွေးချယ်ရေး ဇာတ်လမ်းတိုဖြစ်တဲ့ လူမှန်နေရာမှန် အပိုင်း ၁၊ ၂၊ ၃ ကို ရိုက်ကူးပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသအသိပေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ မှာပါတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ဥပဒေနဲ့အညီ ရွေးချယ်စေပြီး အုပ်ချုပ်ရေးမှူးများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်ကိုင်ဆောင်ရွက်တတ်စေရေး ရေးဆွဲထားရှိတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းစီမံချက်များအတိုင်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ မှ မတ်လ ၂၉ ရက်နေ့အထိ ရက်သတ္တပတ် ၄ ပတ်နဲ့ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့် သင်တန်းနည်းပြများက ဦးစီးပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး သင်တန်းများဖွင့်လှစ်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၁၅၁၆၅ ဦးအား ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများအပြင် ဌာနဆိုင်ရာများနှင့်ဆက်စပ် သိသင့်သိထိုက်သည်များကို ထည့် သွင်းပို့ချပေးလျက်ရှိပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်သူများအားပြန်လည်အသိပေးနိုင်ရန် အုပ်ချုပ်ရေးဥပဒေနဲ့နည်းဥပဒေစာအုပ်များကိုလည်း ဖြန့်ဝေပေးထားပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်

ရေးမှူးများ၊ မြို့နေပြည်သူ၊ ကျေးလက်နေပြည်သူများအား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများအား သိရှိနားလည်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မေးချင်ပါတယ်ရှင့်။ ကျွန်မတို့ ဘက်ပိုင်းအခါကျတော့ ဒီမြန်မာ့အသံတို့၊ ရုပ်မြင်သံကြားတို့၊ နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိက ဂျာနယ်တို့၊ Website တို့က ကျွန်မတို့ရဲ့ အဓိကအားဖြင့် ခေါင်တဲ့နေရာ ဝေးလံခေါင်းပါးတဲ့ နေရာမှာ ဒါတွေက ကျွန်မတို့ဘက်က အသုံးပြုလို့မရပါဘူးရှင့်။ နောက်ပြီးရင် ဒီစာအုပ်တွေ၊ နည်းဥပဒေစာအုပ်တွေကို ဖြန့်ဝေပေးတယ်လို့ ပြောပါတယ်။ ဒီစာအုပ်တွေကလည်း များသောအားဖြင့် မြန်မာစာတွေပဲ ဖြစ်ပြီးတော့ တိုင်းရင်းသား ဘာသာစာပေတွေနဲ့ မဟုတ်တဲ့အခါကျတော့ တိုင်းရင်းသားတွေကလည်း နားလည်နိုင်မှု စွမ်းရည် နည်းပါးတယ်ရှင့်။ ဥပဒေအသုံးအနှုန်းကလည်း သူတို့က နားလည်နိုင်စွမ်းမရှိပါဘူး။ ကျွန်မတို့ အနေနဲ့က ဒီရုပ်မြင်သံကြားတို့ ဒီထက်ပိုပြီးတော့ ထိရောက်တဲ့နည်းလမ်းနဲ့ ပြည်သူတွေကို ဘယ်လိုမျိုး ပညာပေးမလဲ။ ကျွန်မတို့ တိုင်းရင်းသားတွေကိုရော ဥပဒေပိုင်းဆိုင်ရာအသိအမြင်တွေကို ဘယ်လို ဖြည့်စွက်ပြီး လုပ်ပေးမလဲဆိုတာတွေကို သိချင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်က ဒေါ်နန်းဝါနု အဓိကမေးခွန်းနှစ်ခု မေးထားပါတယ်။ ဒီမေးခွန်းဟာ အင်မတန်ကောင်းပြီးတော့ ဒီမေးခွန်းပါအတိုင်း ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် ဆောင်ရွက်မည်ဆိုပါက အင်မတန်မှကြီးကျယ်ခက်ခဲသော ကိစ္စကြီးတစ်ခုဖြစ်ပါတယ်။ သို့ရာတွင် ကြီးကျယ်ခက်ခဲသော ကိစ္စကြီးတစ်ခုဖြစ်တဲ့အတွက် မလုပ်ဘဲနေလို့လဲမဖြစ်ပါဘူး။ လုပ်ရပါမယ်။ လုပ်တဲ့အခါမှာ မေးခွန်းရှင် ဆွေးနွေးသွားသလို စာသင်ကျောင်းတွေမှာ ပြည်သူ့နီတိနဲ့ တွဲဖက်ပြီး တရားဥပဒေလိုက်နာဖို့ကိစ္စကအစ ဒီမေးခွန်းရဲ့အဖြေထဲမှာ ပါပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ တည်ဆဲဥပဒေတွေရော၊ ဆက်လက်ထုတ်ပြန်မယ့်ဥပဒေတွေရော၊ နည်းဥပဒေတွေရော၊ ဒီကိစ္စ အားလုံးကို ပြည်သူအားလုံးသိရှိအောင်လုပ်ဖို့ကတော့ တော်တော်လေးခက်ခဲတဲ့အနေအထားမှာ ရှိနေပါတယ်။ ပြည်သူ အားလုံးမပြောနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည်ပင်လျှင် ဒီနေ့ ထုတ်ပြန်ထားသော ဥပဒေများ၊ နည်းဥပဒေများကို ဖတ်ရှုနားလည်အောင် ဆောင်ရွက်တာ အင်မတန်ခက်ခဲပါတယ်။ ဒါကြောင့် စေတနာနဲ့ ရည်ရွယ်ချက်ကောင်း မေးထားတဲ့မေးခွန်းကို ဖြေတဲ့နေရာမှာလည်း ဥက္ကဋ္ဌအနေနဲ့ အမြင်အားဖြင့် ပြောမယ်ဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နဲ့ မလုံလောက်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဖိတ်ကြားထားတဲ့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြည်ထောင်စုကိုယ်စားလှယ်များ အနေနဲ့လည်း ဒီမေးခွန်းပေါ်မူတည်ပြီးတော့ မိမိတို့အမြင် မိမိတို့ ရှုထောင့်က ဘယ်လိုရှိတယ်ဆိုတာကိုလည်းပဲ လွှတ်တော်မှာ ရှင်းလင်းတင်ပြပေးစေချင်ပါတယ်။ ဦးစွာ တရားလွှတ်တော်ချုပ် ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းလိုက်တယ် ဆိုလို့ရှိရင် ရှေးယခင်ကတော့ ဒီဥပဒေကို ကျွန်တော်တို့ မြန်မာနိုင်ငံ Gazzet မှာ ထည့်သွင်းပြီးတော့ ပုံနှိပ်ဖော်ပြပါတယ်။ မြန်မာနိုင်ငံ Gazzet မှာ ထည့်သွင်းပြီးတော့ ပုံနှိပ်ဖော်ပြမယ်ဆိုရင် သာမန်အားဖြင့်တော့ ဒီဥပဒေတွေကို ရှေးတုန်းကတော့ အများပြည်သူများ သိရှိနားလည်ပြီး ဖြစ်တယ်လို့ပဲ ဒီလိုပဲ ယူဆခဲ့ကြပါတယ်။ ဒီလို ယူဆပြီးတဲ့အခါကျတော့ တရားရုံးတွေမှာ အမှုရင်ဆိုင်ဖြေရှင်းကြတဲ့ အခါတွေမှာဆိုရင် ဥပဒေကိုမသိလို့ နားမလည်လို့ပါဆိုတဲ့ ခွင့်ပြုချက်နဲ့ ခွင့်လွှတ်လို့မရပါဘူး။ သာမန်အားဖြင့် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ပြီးတယ်ဆိုရင် အများပြည်သူဟာ ဒီဥပဒေကို သိရှိပြီးဖြစ်တယ်။ ဒီဥပဒေကို လိုက်နာဖို့ လိုတယ်ဆိုတဲ့အမြင် ရှိခဲ့ပါတယ်။ သို့သော်လည်းပဲ လက်တွေ့မှာတော့ ဒေါ်နန်းဝါနု တင်ပြသွားတဲ့အတိုင်းပဲ ဒီဥပဒေတစ်ရပ်ကို အများပြည်သူ သိရှိဖို့အတွက်ကတော့ လုပ်ဖို့ အများကြီးလိုအပ်နေတာကို ကျွန်တော်တို့ လက်တွေ့ပဲကြုံတွေ့ရပါတယ်။ ဒါကြောင့် အခုဒီမှာလည်း မြန်မာနိုင်ငံက ထုတ်ပြန်လိုက်တဲ့ တည်ဆဲဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ဘယ်လိုနည်းနဲ့ အောင် လုပ်မလဲဆိုတဲ့ မေးခွန်းအပေါ်မှာ ကျွန်တော်တို့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေနဲ့ကတော့ အမှန်အတိုင်းဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ကတော့ တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ ဥပဒေမျိုးလောက်ကိုပဲ ကျွန်တော်တို့က အဓိကထားပြီးတော့ အများပြည်သူများ သိရှိအောင် ဆောင်ရွက်ခဲ့တာမျိုး ရှိပါတယ်။ အဲ့ဒါက ဆောင်ရွက်တဲ့နည်းလမ်း ကတော့ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ တရားရေးဂျာနယ်ဆိုတာကို ကျွန်တော် တို့ ထုတ်ဝေပြီးတော့ သုံးလတစ်ကြိမ် ထုတ်ဝေပါတယ်။ အဲဒီတရားရေးဂျာနယ် ထုတ်ဝေတဲ့ ရည်ရွယ်ချက်ကိုကလည်းပဲ ဒီတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အထူးသဖြင့် တရားရုံးနဲ့

ပတ်သက်တဲ့ဥပဒေတွေကို အများပြည်သူများ သိရှိအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ဒီဂျာနယ်ကို ထုတ်ပါတယ်။ ထုတ်ပြီးတော့ ဒီဂျာနယ်မှာ ရေးသားတဲ့ ပုံစံကလည်း သုတေသနလုပ်တဲ့ ပုံစံမျိုးအဆင့်မြင့်တဲ့၊ ခက်ခဲနက်နဲတဲ့ ဥပဒေတွေကိုဖော်ပြတာမျိုးမဟုတ်ဘဲနဲ့ အများပြည်သူ သိရှိသိထိုက်တဲ့ ဥပဒေတွေကိုပဲ ကျွန်တော်တို့က လွယ်ကူတဲ့ပုံစံမျိုးနဲ့ ဆောင်းပါးပုံစံမျိုး၊ အမေး အဖြေပုံစံမျိုး၊ ဝတ္ထုပုံစံမျိုးနဲ့ အများပြည်သူအလွယ်တကူ သိရှိနိုင်အောင်ဆိုပြီးတော့ ဒီရည်ရွယ်ချက်နဲ့ ရေးသားစေပြီးတော့ တရားရေးဂျာနယ်ကို ကျွန်တော်တို့ သုံးလတစ်ကြိမ် ဖြန့်ဝေပါတယ်။ တရားရေး ဂျာနယ်ကို မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တရားရုံးများ အားလုံးမှာ ဖြန့်ဖြူးတဲ့အပြင် အပြင်ဈေးကွက် မှာလည်း တရားရေးဂျာနယ်ကို ကျွန်တော်တို့ ထုတ်ဝေတင်ပြီးတော့ ကျွန်တော်တို့ ရောင်းချဖို့ ဆောင်ရွက်တာရှိပါတယ်။ အဲဒီလို နည်းနဲ့ဆောင်ရွက်တာအပြင် ကျွန်တော်တို့ တခြားတစ်ခုကတော့ တရားစီရင်ထုံးများ ထုတ်ဝေတဲ့နည်းလည်း ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ တရားရုံးတွေက နေပြီးတော့ အမှုအခင်းဖြစ်တဲ့အခါမှာ ကျွန်တော်တို့ စီရင်ချက်တွေချပါတယ်။ အဲဒီလို စီရင်ချက်တွေ ချတဲ့အထဲကမှ ကောင်းနိုးရာရာနဲ့ အများပြည်သူသိရှိနိုင်ရန် လိုအပ်တဲ့ စီရင်ချက်များကို ရွေးချယ်ပြီး တော့မှ စီရင်ထုံးများဆိုပြီးတော့မှ ကျွန်တော်တို့ ထုံးပြုတာဖြစ်ပါတယ်။ အဲဒီစီရင်ထုံးတွေကိုလည်းပဲ တစ်နှစ်တစ်ကြိမ် ထုံးပြုပြီးတော့ကာ ထုံးဖွဲ့ပြီးတော့ကာ ကျွန်တော်တို့ တစ်ပြည်လုံးတရားရုံးများကို ဖြန့်ပါတယ်။ အများပြည်သူများ သိရှိနိုင်ဖို့လည်း ဖြန့်ပါတယ်။ အထူးသဖြင့် ရှေ့နေရှေ့ရပ်များနဲ့ စိတ်ဝင်စားကြတဲ့ အများပြည်သူများက ဝယ်ယူဖတ်ရှုပြီးတော့ကာ လေ့လာကြကြောင်းလည်း သိရှိရပါ တယ်။ နောက်တစ်နည်းကတော့ ကျွန်တော်တို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း တရားရေး အရာရှိများက လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ တရားရေးအရာရှိများနဲ့ အငြိမ်းစားယူပြီးဖြစ်တဲ့ တရားရေးအရာရှိများက ဥပဒေဗဟုသုတများကို ရေးသားပြီးတော့ကာ အများပြည်သူသိရှိရန် ဖြန့်ဖြူး တဲ့နည်းနဲ့လည်း ဆောင်ရွက်တာ ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲ တွေ၊ ဟောပြောပွဲတွေမှာလည်း တရားရေးအရာရှိများ တက်ရောက်စေပြီးတော့ ဟောပြောဆွေးနွေးပို့ချ တာမျိုးလည်း လုပ်ကိုင်တာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ တင်ပြရမယ်ဆိုရင်တော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ လုပ်ကိုင်နိုင်တဲ့ နည်းကတော့ ဒီသုံးနည်းနဲ့ပဲ လက်ရှိအား ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

6-3-2013(Record)

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ဒီရပ်ကွက်နဲ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကတော့ ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ ဥပဒေဖြစ်တဲ့အတွက်ကြောင့် ခုနက ပြည်ထဲရေး ဝန်ကြီးဌာနက ရဲချုပ်ကြီးလည်း ဒီဥပဒေ၊ နည်းဥပဒေများနဲ့ ဆက်စပ်ပြီး အများသိရှိနိုင်အောင် ဆောင်ရွက်လုပ်ကိုင်နေမှုများကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ရုံးပိုင်းဆိုင်ရာအနေနဲ့ တော့ အခုလက်ရှိမှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများရဲ့ အစီအစဉ်နဲ့ ဒီဥပဒေအရာရှိများ ဟာ အခါအားလျော်စွာ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအောက် ဥပဒေရုံးအဆင့်ဆင့်အနေနဲ့တော့ ဒီဥပဒေမှသာမကပါဘူး။ ခုနက ပြည်သူလူထု နားလည်သင့်တဲ့ ပြည်သူလူထုသိရှိ သင့်တဲ့ဥပဒေများကို အခါအားလျော်စွာ ကျွန်တော်တို့ ဒါ ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါထက်လည်းပိုပြီးတော့ အခုဒီမှာ အခက်အခဲများကို သိရှိရတဲ့အတွက်ကြောင့် ပိုပြီးတော့ ကျွန်တော်တို့ ရုံးတွေဟာ မြို့နယ် တိုင်းမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်ဥပဒေအရာရှိအဆင့်အထိ အားလုံး မြို့နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ဒီပြည်သူလူထုကို အခါအားလျော်စွာ သိရှိနိုင်အောင် ရှင်းလင်းပေးဖို့ ကျွန်တော်တို့လည်း ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ ရုံးသာမက ခုနက ဥပဒေကို သိရှိနားလည်းတဲ့လူတိုင်းဟာ အဖွဲ့အစည်းတိုင်းဟာ ဒါခုနက ပြည်သူအများ ကျေးရွာနေပြည်သူအများ သိရှိနားလည်အောင် ဒါရှင်းလင်းပေးသွားကြမယ်ဆိုလို့ရှိရင် တော့ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်လိမ့်မယ်လို့ ယူဆပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သမ္မတရုံးဝန်ကြီး-၂ အနေနဲ့ ရှင်းလင်းပြောကြားလိုက ရှင်းလင်းပြောကြား နိုင်ပါတယ်။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ အထူးမရှိပါဘူး။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ဒေါ်နန်းဝါနု ထပ်ဆင့်မေးတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးဒီနေ့ ဒီကာလ မှာတော့ ဒီဌာနအသီးသီးက ဒီလောက်အတိုင်းအတာပဲ လုပ်နိုင်မယ့်သဘောရှိပါတယ်။ ကျယ်ကျယ် ပြန့်ပြန့်လုပ်နိုင်ဖို့ဆိုရင် ဒီနေ့ မြန်မာနိုင်ငံမှာ ကျင့်သုံးဖို့ ဦးတည်နေတဲ့ မသင်မနေရပညာရေးစနစ် အမှန်တကယ်ပေါ်ပေါက်ဖို့ လိုပါတယ်။ မသင်မနေရပညာရေးစနစ် ပေါ်ပေါက်လာပြီဆိုရင် မြန်မာ

နိုင်ငံသားအားလုံး စာတတ်မြောက်လာမှာဖြစ်ပါတယ်။ စာတတ်မြောက်လာတဲ့အခါမှာ တိုင်းရင်းသား ဘာသာစကားအပြင် မြန်မာစကားပါ နားလည်လာမှာဖြစ်တဲ့အတွက် မြန်မာစကားဖြင့် ရေးသားထားတဲ့ ဥပဒေများကိုလည်း တိုင်းရင်းသားများအားလုံး နားလည်ကြမှာဖြစ်ပါတယ်။ ဥပဒေနဲ့ ပတ်သက်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ရှင်းလင်းတင်ပြသွားသလိုပဲ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးလို့ အတည်ဖြစ်ပြီဆိုရင် ဒီဥပဒေကို နိုင်ငံနယ်ပယ်အတွင်းမှာ အားလုံးက လိုက်နာကြရမယ်။ အားလုံးသိပြီးပြီလို့လည်း မှတ်ယူထားတယ်။ ဒါကြောင့် ဒီဥပဒေကို ကျွန်တော် မသိသေးလို့၊ နားမလည်သေးလို့ ကင်းလွတ်ခွင့်ပြုပါဆိုပြီးတော့ တောင်းခံလို့မရပါဘူး။ ဒါကြောင့်မို့လို့ ထုတ်ပြန်ပြီးတဲ့ ဥပဒေများကို ပြည်သူများ နားလည်ပြီးပြီလို့ ယူဆသလို ပြည်သူများကိုယ်တိုင်လည်း ဒီဥပဒေများကို လေ့လာရမှာ ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ပြည်သူများ လေ့လာနိုင်ဖို့လည်း နည်းလမ်းပေါင်းစုံနဲ့ ပြည်သူတွေကို ဖြန့်ဝေပေးရမှာဖြစ်ပါတယ်။ ပညာပေးခြင်းအပါအဝင် သို့ရာတွင် ထုတ်ပြန်လိုက်တဲ့ဥပဒေများကို ကျင့်သုံးတဲ့ Administer လုပ်တဲ့ ဌာနများသည်ပင်လျှင် ထုတ်ပြန်လိုက်တဲ့ဥပဒေများကို ကောင်းစွာ နားလည်နိုင်ခြင်းမရှိပါဘူး။ ကောင်းစွာ နားလည်ခြင်းမရှိဘူးဆိုတဲ့နေရာမှာ တချို့လည်း အနက်အဓိပ္ပာယ်ကောက်တာတွေ လွဲမှားတာတွေ ရှိပါတယ်။ ဒါကြောင့်လည်း ဒီနေ့ ရှေ့နေတွေဆိုတာ တည်ရှိပြီးတော့ ရှေ့နေများသည် ဥပဒေလမ်းကြောင်းအရ မှန်မှန်ကန်ကန် ဖြစ်အောင် ဥပဒေအကြောင်းအရာကိုမသိတဲ့ ပြည်သူများဘက်က မှန်မှန်ကန်ကန် ဖြေရှင်းပေးနိုင်အောင်ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းလို့ ပြောရမယ့် အနေအထားဖြစ်ပါတယ်။ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တုန်းက ပြည်သူများကို ဥပဒေအရ အကာအကွယ်ပေးနိုင်ဖို့ မှတ်မိသေးပါတယ်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေအကြောင်းအချင်းအရာအရ ပြည်သူတစ်ယောက်နစ်နာ တယ်ဆိုရင် မနစ်နာရအောင် ဒီအဖွဲ့ကနေ ဆောင်ရွက်ပေးတယ်။ ဆောင်ရွက်ပေးရမယ်ဆိုပြီးတော့ ဆောင်ရွက်ခဲ့တာလည်း ရှိပါတယ်။ ဒါဖြင့်ရင် မိမိတို့နိုင်ငံလို ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံက ပြည်သူတွေတင်ပဲ ဥပဒေတွေကို မသိကြတာလား၊ နားမလည်ကြတာလားလို့ မေးမယ်ဆိုရင်မဟုတ်ပါဘူး။ နိုင်ငံတိုင်းမှာလည်း ဒီလို အခြေအနေတွေရှိပါတယ်။ ဒီနေ့ ခေတ်မီတဲ့ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာလည်း ဒီလိုအခြေအနေမျိုးတွေရှိပါတယ်။ ဒါ့ကြောင့် မေးခွန်းရဲ့ မေးမြန်းသူ၏ စေတနာနဲ့ ရည်ရွယ်ချက် ကောင်းပါတယ်။ ဒီဟာကို မေးခွန်းတိုင်း၊ ရည်ရွယ်ချက်တိုင်း ဖြည့်ဆည်းဆောင်ရွက်ဖို့ ကိစ္စကတော့ အင်မတန်မှကြီးကျယ်သော၊ အင်မတန်မှခက်ခဲသော ကိစ္စကြီးတစ်ခုဖြစ်တဲ့အတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးကရှိတဲ့ ဒီဥပဒေများကို လက်ကိုင်ကျင့်သုံးရမယ့် အဖွဲ့အစည်းများကတော့ အကျင့်သုံးခံရမယ့်

ပြည်သူများကရော၊ ဆိုင်ရာဆိုင်ရာအဖွဲ့အစည်းအလိုက် ထုတ်ပြန်ထားတဲ့ ဥပဒေများကို မိမိဌာနတွင်းတစ်ဆင့် ပြည်သူများအတွင်း ဖြစ်နိုင်တဲ့အခြေအနေပေါ် မူတည်ပြီးတော့ ဆွေးနွေးရှင်းလင်းပေးတဲ့ဟာကတော့ အကောင်းဆုံးအနေအထားဖြစ်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်နန်းဝါနုကို ပြောကြားချင်ပါတယ်။ မေးခွန်းအင်မတန်မှကောင်းပါတယ်။ ရည်ရွယ်ချက်ကောင်းပါတယ်။ သို့ရာတွင် ဒီရည်ရွယ်ချက်ကို ပြည့်မြောက်အောင်ကတော့ တော်တော်ကြီးကို ကြိုးစားပြီး ဆောင်ရွက်ရပါဦးမယ်။

**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)တွင် ကျောင်းသားများ ပြောင်းရွှေ့ပညာသင်ကြားခွင့်ရရှိရေးနှင့် GTI အောင်မြင်ပြီးသော ကျောင်းသားများပညာ ဆက်လက်သင်ယူနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ဆက်လက်ပြီး ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း (ရှာငံမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သိန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)ကို ၂၀၀၀ ပြည့်နှစ်တွင် အမှတ်စဉ် (၁) အဖြစ် ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အမှတ်စဉ် (၁၁) သင်တန်းပြီးဆုံးသည်အထိ ကျောင်းသားပေါင်း ၁၀၀၄ ဦးကိုမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျောင်းဆင်းပြီးတိုင်းရင်းသားလူငယ်များအနေဖြင့်လည်း မိမိတို့ နှင့်သက်ဆိုင်ရာ ဝန်ကြီးဌာန ၁၉ ခုတွင် တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုစာသင်နှစ်တွင် အဆိုပါဒီဂရီကောလိပ်အား မန္တလေးမြို့မှ စစ်ကိုင်းရှာသစ်ကြီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ မျှော်လင့်မထားသောအခြေအနေများ ဖြစ်ပွားပေါ်ပေါက်ခဲ့ပါတယ်။ အခြေအနေဆိုးများကို ကျော်လွှန်ခဲ့ပြီးသည့်နောက် စစ်ကိုင်းရှာသစ်ကြီးရောက် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကျောင်းသားများအနက် တတိယနှစ် ဝိဇ္ဇာသိပ္ပံကျောင်းသားများ၊ G.T.I ပထမနှစ်၊ ဒုတိယနှစ်ကျောင်းသားများကို ရန်ကုန်မြို့သို့ရွှေ့ပြောင်းသင်ကြားပေးခဲ့ကြောင်း ကြားသိရတဲ့အတွက် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါတယ်။ သို့ဖြစ်ရာ ဖွံ့ဖြိုးရေးဒီဂရီကျောင်းသားများ၏ ရွှေ့ခရီးနှင့်ပတ်သက်၍ ယခုပညာသင်နှစ်အတွက် ကျန်ရှိနေသေး

သော ပထမနှစ်၊ ဒုတိယနှစ်ဝိဇ္ဇာသိပ္ပံကျောင်းသားများအား မည်သည့်အချိန်ကာလ၊ မည်သည့်နေရာဒေသ၌ ပညာဆက်လက်သင်ကြားနေသည်ကိုလည်းကောင်း၊ G.T.I အဆင့်အောင်မြင်ပြီးနောက် B.Tech အတန်းတွင် ပညာဆက်လက်သင်ယူ ခွင့်ရရှိထားသော ကျောင်းသားများအား B.Tech ပြီးဆုံးသည်အထိ ပညာဆက်လက်သင်ယူနိုင်ကြစေရေးအတွက် မည်သို့မည်ပုံ စီမံပေးထားသည်ကိုလည်းကောင်း၊ B.Tech အတန်းတွင်ထူးချွန်စွာအောင်မြင်သဖြင့် B.E, M.E အတန်းများတွင် ဆက်လက်သင်ယူခွင့်ရရှိထားသော ကျောင်းသားများအတွက် ပညာတိုးမြှင့်သင်ယူနိုင်ရေးနှင့် စပ်လျဉ်းပြီး နေရေးထိုင်ရေးမှအစ နိုင်ငံတော်မှ မည်ကဲ့သို့စီစဉ်ပေးထားသည်ကိုလည်းကောင်း သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အခုအစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း မေးမြန်းထားတဲ့ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး) အား စစ်ကိုင်းရွာသစ်ကြီးသို့ ကူးပြောင်းခဲ့ပြီးနောက် တတိယနှစ် ဝိဇ္ဇာ/သိပ္ပံ ကျောင်းသားများနဲ့ G.T.I ပထမနှစ်၊ ဒုတိယနှစ် ကျောင်းသားများကိုသာ ပြောင်းရွှေ့သင်ကြားပေးမယ်လို့ ထပ်မံကြားသိရတဲ့အတွက် မည်သည့်အချိန်ကာလတွင် မည်သည့်နေရာဒေသ၌ ပညာဆက်လက်သင်ကြားပေးမည်ဆိုသည်ကိုလည်းကောင်း၊ G.T.I အဆင့်အောင်မြင်ပြီးနောက် B.Tech အတန်းကို ဆက်လက်သင်ယူခွင့်ရရှိထားတဲ့ ကျောင်းသားများ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မည်သို့မည်ပုံစီမံပေးမည်ကိုလည်းကောင်း၊ B.Tech ထူးချွန်စွာအောင်မြင် သဖြင့် B.E, M.E အတန်းများတွင် ပညာတိုးမြှင့်သင်ယူနိုင်ရေးနဲ့ စပ်လျဉ်းပြီး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးထားသည်ကိုလည်းကောင်း

သိရှိလိုပါတယ် ဆိုတဲ့မေးခွန်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး) ရဲ့ ၂၀၁၂-၂၀၁၃ ခု ပညာသင်နှစ်မှာ ပထမနှစ်၊ ဒုတိယနှစ် ဝိဇ္ဇာ/သိပ္ပံ ကျောင်းသားများကို ပထမနှစ်ဝက် ကျောင်းပိတ်ပြီးဖြစ်တဲ့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ နေရပ်များသို့ပြန်လည်စေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှပြောင်းလဲလိုက်တဲ့ သင်ရိုးညွှန်းတမ်းအရ ပညာသင်ကာလအရ ပထမနှစ်ဝက်သင်ကြားခြင်းအတွက် ပထမနှစ်ဝက် ၅ လ သင်ကြားမှုပြီးစီးခဲ့ပြီးဖြစ်တဲ့အတွက် ပညာသင်ကာလ တစ်ပြေးညီဖြစ်စေရန် ၂၀၁၃ ခုနှစ်၊ ဇွန်လမှစတင်၍ ကျောင်းသားများ ပြန်လည် လက်ခံပြီး ဒီဂရီကောလိပ်(ရန်ကုန်) မှာ ဒုတိယနှစ်ဝက် ဆက်လက်သင်ကြားပေးမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များက နေ A.G.T.I အောင်မြင်ပြီး B.Tech ပထမနှစ်သို့ တက်ရောက်ခွင့်ရရှိတဲ့ ဝန်ထမ်းခန့်အပ်ပြီး အမှုထမ်းငယ် ၈၇ ဦးနဲ့ B.Tech ဒုတိယနှစ် တက်ရောက်ရမယ့် အမှုထမ်းငယ် ၇၀ ဦး၊ စုစုပေါင်း ၁၅၇ ဦးကို ရန်ကုန်မြို့မှာရှိတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဗဟိုလေ့ကျင့်ရေးကျောင်းမှာ နေထိုင်မှု၊ စားသောက်မှုစီစဉ်ပေးပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ် (သန်လျင်) နဲ့ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့မှာ ၁၄-၁-၂၀၁၃ ရက်နေ့မှာ စတင်ပြီး ကျောင်းအပ်နှံတက်ရောက်စေလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

B.Tech သင်တန်းမှာ ထူးချွန်စွာအောင်မြင်ပြီး B.Tech မှ B.E သင်တန်းသို့ ပေါင်းကူး တက်ရောက်ခွင့်ဖြေဆိုတဲ့ အမှုထမ်းငယ် ၆၄ ဦးနဲ့ B.E သင်တန်းတက်ရောက်ခွင့်အောင်မြင်သူ ၆၁ ဦးနဲ့ B.E မှ M.E သင်တန်းသို့ တက်ရောက်ခွင့်ဖြေဆိုတဲ့ အမှုထမ်း ၇၂ ဦးအနက် M.E သင်တန်း တက်ရောက်ခွင့်အောင်မြင်သူ ၁၅ ဦးတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ညှိနှိုင်းချက်အရ ၎င်းတို့ တာဝန်ထမ်းဆောင်နေတဲ့ ဌာနများရဲ့ခွင့်ပြုချက်နဲ့ ၎င်းတို့ဌာနများနှင့် အနီးဆုံးနေရာများမှာရှိတဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှ နည်းပညာတက္ကသိုလ်များမှာ ဆက်လက်တက်ရောက် နေပါကြောင်း ဖြေကြားအပ်ပါတယ် ။ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**မျိုးစပါးကောင်း၊ မျိုးစပါးသန့်များကိုတောင်သူများ အလွယ်တကူရရှိနိုင်ရေးအတွက် ဆောင်ရွက် ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးပိုင်၊ ဝန်းသိုမဲဆန္ဒနယ်ကိုယ်စား ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး (အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားဂါရဝထားကြောင်းပါ။ ကျွန်တော်ကတော့ အင်းတော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်းသိုမဲဆန္ဒနယ်က ဦးစိုးပိုင်ရဲ့ ကိုယ်စား မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ကိစ္စကတော့ မျိုးကောင်းမျိုးသန့် စပါး ကိစ္စဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်တယ်လို့ မှတ်ယူ ထားပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ စပ်မျိုးစပါးများကို စိုက်ပျိုးနေတာအားလုံးအသိ ဖြစ်ပါတယ်။ စိုက်ပျိုးဖို့ရာအတွက်ကိုလည်းပဲ အထူးတလည်တိုက်တွန်းနေတာကို ကျွန်တော်တို့ ကြားသိရပြီဖြစ်ပါတယ်။ ဒီစပ်မျိုးစပါးဟာ စိုက်သင့်တယ်ဆိုတာမှန်ပါတယ်။ လက်ခံပါတယ်။ သို့သော် ဒီလို စပ်မျိုးစပါးကိုစိုက်ပျိုးနိုင်ဖို့ရာအတွက်ကို ငွေကြေးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်၊ ဒေသ အခြေအနေအစရှိသည်ဖြင့် အခက်အခဲတွေရှိနေတာလည်းအမှန်ပဲဖြစ်ပါတယ်။ မြို့ကြီးပြကြီးနဲ့ အလှမ်းဝေး မျိုးစပါးခြံတွေ၊ သုတေသနခြံတွေနဲ့ အလှမ်းဝေးတဲ့ မျိုးစပါးကောင်း၊ မျိုးစပါးသန့်ကို လွယ်လွယ်မရတဲ့နေရာဒေသတွေ နိုင်ငံတစ်ဝန်းမှာ တော်တော်များများရှိနေတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ် မိုးရာသီကာလမှာ ဝန်းသိုဒေသမှာ ဧရာမင်းကဲ့သို့ မျိုးစပါးများကို ဖြန့်ဖြူးတဲ့အခါ စပါးရဲ့အထွက်နှုန်း၊ စပါးရဲ့ဈေးနှုန်းအပေါ်မှာ တောင်သူများ အလွန် ကျေနပ်အားရခဲ့ကြပါတယ်။ ဒါကြောင့် ဒီလို ဒေသနဲ့ကိုက်ညီတဲ့ မျိုးစပါးကောင်း၊ မျိုးစပါးသန့်များကို တောင်သူတွေ လက်တစ်ကမ်းမှာ ရရှိအောင်လုပ်ပေးဖို့ရာ လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ပေးနိုင်ဖို့ အတွက်ဆိုရင် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိတဲ့သူတွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ ဝန်ထမ်းတွေနဲ့ စပါးစိုက်တောင်သူများ ညှိနှိုင်းပူးပေါင်းပြီးတော့ မျိုးစပါးခြံများကို နိုင်ငံတစ်ဝန်း မှာ တည်ထောင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အထူးတလည်းမေးမြန်း လိုတာကတော့ ဒီလိုမျိုး စပါးကောင်း၊ မျိုးစပါးသန့်များကို တောင်သူများလက်အတွင်းကို အချိန်တိုအတွင်း ရောက်ရှိဖို့ရာ အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဘယ်ပုံဘယ်နည်း စီမံဆောင်ရွက် ထားသလဲဆိုတာ သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးစိုးပိုင်၊ ဝန်းသိုမဲဆန္ဒနယ်ကိုယ်စား ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင် ရဲ့ မျိုးစပါးကောင်း၊ မျိုးစပါးသန့်များ တောင်သူများရဲ့ လက်တစ်ကမ်းမှာ အလွယ်တကူရရှိနိုင်ရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာမှ တာဝန်ရှိသူများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စပါးစိုက်တောင်သူများ ညှိနှိုင်းကာ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ မျိုးစပါးခြံများ ထားရှိသင့်ပါကြောင်း တင်ပြထားပါတယ်။ အကယ်၍ ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါက စပါးမျိုးကောင်း၊ မျိုးသန့်များဟာ နိုင်ငံနှင့်အဝှမ်း အချိန်တိုအတွင်း ပြန့်ပွားရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းများအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ တောင်သူလယ်သမားများ မျိုးကောင်း၊ မျိုးသန့်သီးနှံစိုက်ပျိုးခြင်းနှင့် တွက်ခြေကိုက်သောဝင်ငွေရရှိစေရန် Seed Production တာဝန်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခုကဲ့သို့ မျိုးကောင်းမျိုးသန့် မျိုးစပါးများ စိုက်ပျိုးထုတ်လုပ်ခြင်းကဏ္ဍကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ အလေးထားမေးမြန်းလာခြင်းအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍကို တိုးတက်ပြောင်းလဲရန် အတွက် မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်း (Seed Production) လုပ်ငန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လေးနက်စွာဆောင်ရွက်လျက်ရှိပါတယ်။ သီးနှံမျိုးများကို အလျဉ်းသင့်လို့တင်ပြရမယ်ဆိုရင် သီးနှံများမျိုးပွားခြင်းလုပ်ငန်းမှာ ပင်သီးဝတ်မှုန့်ကူးခြင်း (Sex Pollination) နှင့် ပင်ကြားဝတ်မှုန့်ကူးခြင်း (Cross Pollination) ဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ ဒီလို နှစ်မျိုးရှိတဲ့သီးနှံတွေကို မျိုးပွားများထုတ်လုပ်တဲ့နေရာမှာ Seed Technology အရ မျိုးများကို ထုတ်လုပ်တဲ့နေရာမှာ

စပ်မျိုးမွေးမြူခြင်း Hybrid Technology နဲ့ **အင်ပရက် ပရီးတီး** မျိုးသန့်လိုင်းမွေးမြူခြင်း Open Pollinated **ဘာရမ်တီး** ဆိုပြီးတော့ ခွဲခြားပြီးမျိုးများကို ထုတ်လုပ်လျက်ရှိပါတယ်။ ဆန်စပါးတိုးတက်ရရှိနိုင်ရေးအတွက် နိုင်ငံတကာကို ယှဉ်ပြိုင်နိုင်ရာမှာ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း အထူးအထွက်တိုးမျိုးများ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပါတယ်။ ဥပမာ တရုတ်နိုင်ငံမှာ လူဦးရေသန်း ၁၃၀၀ ကျော်ကို စားနပ်ရိက္ခာဖူလုံစွာကျွေးနိုင်ခြင်းမှာ Hybrid Technology စိုက်ပျိုးမှုကြောင့်ဖြစ်ပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုရဲ့ ၅၀ ရာခိုင်နှုန်းကျော်ကို Hybrid Technology ဖြစ်တဲ့ Hybrid Rice များနှင့် စိုက်ပျိုးထုတ်လုပ်တာကို တွေ့ရှိရပါတယ်။ အလားတူပဲ လူဦးရေသန်း ၁၂၀၀ ကျော်ရှိတဲ့ အိန္ဒိယနိုင်ငံမှာလည်း ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံတဲ့ အပြင် ယခုနှစ်မှာ ဆန်တန်ချိန် ၁၀ သန်းနီးပါး တင်ပို့နိုင်မယ့် Hybrid Technology နဲ့ထုတ်လုပ်ထားတဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခြေခံ မြေတစ်ဧကအသုံးချမှုအပေါ်မှာ စီးပွားရေး အရ တွက်ခြေကိုက်မှုအခြေအနေဖြစ်ပေါ်မှုကို Seed Technology ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ လယ်ယာကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှာ တစ်ညီတစ်ညွတ်တည်း ဖော်ထုတ်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ၃၁-၇-၂၀၁၂ ရက်နေ့မှာကျင်းပတဲ့ Seed Technology ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂-၁၁-၂၀၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော်အမျိုးသားအဆင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့မှာ နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များကလည်း တညီတညွတ်တည်းပါဝင်ဆွေးနွေးပြီး Seed Production ဆိုင်ရာ လုပ်ငန်းများကိုဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံရေးအရ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခြင်းကိုဆောင်ရွက်နေသကဲ့သို့ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာလည်း အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း စပါးမျိုးများပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရေးကို မဖြစ်မနေ ပြောင်းလဲဆောင်ရွက်ကြရမည်သာဖြစ်ပါတယ်။ မြေတစ်ဧကအသုံးချစိုက်ပျိုးထုတ်လုပ်မှုတွင်လည်း အထွက်နှုန်းကောင်းမျိုးများ အသုံးပြုခြင်းဖြင့် အထွက်နှုန်းပိုမိုရရှိနိုင်မှာဖြစ်ပါတယ်။ ထိုအပြင် သက်တမ်းတိုသီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်ခြင်းအားဖြင့်လည်း မြေတစ်ဧကအပေါ်မှာ တစ်သီး၊ နှစ်သီး၊ သုံးသီးစသည်ဖြင့် ရာသီကာလနှင့်ကိုက်ညီသော ဒေသနှင့်ကိုက်ညီတဲ့ သီးနှံမျိုးများကို နှစ်တစ်နှစ်အတွင်း သီးထပ်စွမ်းအားမြှင့်တင်အောင် စိုက်ပျိုးဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ ထိုသို့ စိုက်ပျိုးနိုင်မှုကြောင့် မြေတစ်ဧပေါ်မှာပင်လျှင် လယ်ယာထွက်ကုန်သီးနှံ ပိုမိုထုတ်လုပ်နိုင်မှာဖြစ်သည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုစေတဲ့

အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာခြင်းနှင့် အကျိုးအမြတ်ဝင်ငွေများ ပိုမိုရရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ ဆန်နှင့်ဆန်ထွက်ပစ္စည်း မက်ထရစ်တန်ချိန် ၁.၂၄၉ သန်းတင်ပို့နိုင်ခဲ့ပြီး နယ်စပ်မှ ၇၀၀၀၀၀ ကျော်နှင့် ပုံမှန်ရေကြောင်းမှ ၅၀၀၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ထိုသို့တင်ပို့နိုင်ရာမှာလည်းပဲ ကျွန်တော်တို့ စပ်မျိုးစေ့ထုတ်နည်းပညာဟာ အခြားနိုင်ငံများတွင် တောင်သူလယ်သမားများကိုယ်တိုင် ထုတ်လုပ်နိုင်ပြီး မိမိတို့နိုင်ငံမှာ လယ်သမားများ ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင် ဦးရွက်ပြုပြီး မျိုးစေ့ထုတ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အချိန်ကာလမှာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကွင်းထဲဆင်းပြီး ကြည့်ရှုစစ်ဆေးအားပေးစဉ် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဆင့်မှာ မျိုးစေ့ထုတ်ဇုန်များ ပေါ်ထွန်းလာရေးဆောင်ရွက်ကြရန် လမ်းညွှန်မှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာမှာ မျိုးစေ့ထုတ်လုပ်ငန်းများကို အစိုးရပိုင်းမှ လုပ်ဆောင်ရုံဖြင့် မပြည့်စုံနိုင်ပါ။ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ (Private Sector) အဓိကပါဝင်ပူးပေါင်းဆောင်ရွက်လာရေးကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းများ မပေါ်ပေါက်နေခြင်းမှာ ပုဂ္ဂလိကလုပ်ငန်း ရှင်များမှ အကျိုးအမြတ်ရလွယ်သော စီးပွားရေးတွက်ခြေကိုက်သည့် အခြားလုပ်ငန်းများကိုသာ လုပ်ကိုင်မိသူများဖြစ်ကြပြီး မျိုးစေ့ထုတ်လုပ်ငန်းအား လုပ်ကိုင်တဲ့သူ နည်းပါးခြင်းတို့ကြောင့် အစိုးရပိုင်းမှ ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေးကို စိတ်ဝင်စားမှုအားနည်းမှုကြောင့်လည်း ဖွံ့ဖြိုးမှုနှောင့်နှေးနေရခြင်းဖြစ်ပါတယ်။ စပ်မျိုးစပါးဆိုတာဟာ မျိုးဗီဇစွမ်းအားကောင်းမွန်တဲ့ အဖိုမျိုးနှင့် အမမျိုးလိုင်းစပါးမျိုးနှစ်မျိုးတို့ကို မျိုးစပ်ပြီးရလာတဲ့ ပထမသားဆက်မျိုးဆက်ကို မျိုးအဖြစ် အသုံးပြုခြင်းဖြစ်ပါတယ်။ ယင်းမျိုးစေ့မှာ မိဘမျိုးများထက်သာလွန်ကောင်းမွန်တဲ့ မျိုးရိုးဗီဇစွမ်းအားများပါရှိလာတဲ့အတွက် အပင်ဖြစ်ထွန်းမှုစွမ်းအားကောင်းခြင်း၊ ပင်ပွားထွက်နှုန်းကောင်းခြင်း၊ တစ်နှံပါအောင်စေ့အရေအတွက်များခြင်းနှင့် အရည်အသွေးလက္ခဏာများ ကောင်းမွန်ခြင်းတို့ကြောင့် စပ်မျိုးစပါးမျိုးစေ့များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်း အရည်အသွေးကောင်းစပါးများကို ထုတ်လုပ်ရရှိနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက်လည်း အကျိုးအမြတ် အထိုက်အလျောက် ရရှိနိုင်မှာဖြစ်ပါတယ်။ အလားတူ စပါးကဲ့သို့ပဲ ကျွန်တော်တို့ Hybrid Technology နဲ့ပတ်သက်လို့ အထွက်နှုန်းကောင်း၊ အရည်သွေးကောင်းတဲ့ အထွက်တိုးမြေပဲ၊ စပ်မျိုးနေကြာ၊ စပ်မျိုးကြံ၊ စပ်မျိုးချည်မျှင်ရှည်ဝါးနှင့် စပ်မျိုးဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစတဲ့

Hybrid Seed များကိုလည်းပဲ စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပေးလျက် ရှိပြီး တောင်သူများ အကျိုးအမြတ်ရရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ ဆန်စပါး ထုတ်လုပ်မှုကဏ္ဍမှာ စပ်မျိုးစပါးများကို တိုးချဲ့ရန်လိုအပ်သလောက် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မျိုးစေ့လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မှုမရှိသေးခြင်း၊ ရေမြေပထဝီအနေအထားအရ သင့်တော်တဲ့ စပါးမျိုးများ စိုက်ပျိုးရန် လိုအပ်နေသေးခြင်းတို့ကြောင့် Seed Flow အစီအစဉ်အရ အရည်အသွေး ကောင်း၊ အထွက်နှုန်းကောင်း မျိုးချန်၍ရတဲ့ Open Pollinated **ဘရမ်တီ** ဖြစ်တဲ့ **အင်ပရက်** လိုင်းများကိုလည်းပဲ မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ပြီး စိုက်ပျိုးနိုင်ရေးကိုလည်း မိဘမျိုးစေ့၊ ဆင့်ပွားမျိုးစေ့၊ မျိုးသန့်မျိုးပွားမျိုးစေ့ စီးပွားဖြစ် မျိုးသန့်မျိုးစေ့များ အဆင့်ဆင့်ထုတ်လုပ်မှုကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာနရှိ မျိုးပွားခြံ ၄၃ ခြံမှာ အကျိုးဆောင် တောင်သူများ၊ မျိုးသန့်စံပြရွာများနှင့်ပူးပေါင်းပြီး မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။ အလားတူ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ဝန်းသိုမြို့နယ်အနေနဲ့ ကျွန်တော်တို့ ဦးလွမ်းမောင် အာမခံရွာ ၇ ဧက၊ ဦးနန်းဦး ရေဝေပြင်ရွာ ၅ ဧက၊ ဦးထွန်းကြည် ထွန်းဝင်းသာဆန်စက်၊ ဦးဝင်းအောင် ဖြိုးသင်ဆန်စက်တွေမှာ ဝန်းသိုမြို့နယ်အတွက် ကျွန်တော်တို့ အခြေခံမျိုးကို နိုင်ငံတော်ကနေပံ့ပိုးပြီးတော့ တောင်သူများကနေပြီးတော့ မျိုးသန့်များ ထုတ်လုပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိစိုက်ပျိုးလျက်ရှိတဲ့ မဂျမ်းတော (ခ) ဧရာမင်း စပါးမျိုးမှာ ပြည်တွင်းစားသုံးမှုအရည်အသွေးနှစ်သက်မှုရှိသော်လည်း တစ်ဧကအထွက်နှုန်းဟာ ၆၀၊ ၇၀ လောက်သာထွက်ရှိပါတယ်။ အလျဉ်းသင့်လို့ ဧရာမင်းစပါးမျိုးနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် Seed Source ကိုတင်ပြရမယ်ဆိုရင် ဧရာမင်းစပါးဟာ ကျွန်တော်တို့ ဝန်ကြီးဌာနက ၁၉၇၇ ခုနှစ်မှာ စတင်ထုတ်ဝေခဲ့ပါတယ်။ ဧည့်မထအမျိုးအစားဖြစ်ပြီး အသက်ရက်အားဖြင့် ၁၄၅ ရက်၊ ၁၅၀ သက်တမ်းရှိပါတယ်။ ကောက်လတ်ဖြစ်ပြီးတော့ အပင်အမြင့်က ၄ ပေခွဲ၊ ၅ ပေရှိပါတယ်။ အနံ့ပါတဲ့ ပင်ပွားက ၁၀ ပင်လောက်ထွက်ပြီးတော့ တစ်နံ့ပါသီးလုံးပေါင်းက ၁၆၀ လောက်ရှိပါတယ်။ ဆန် အရည်အသွေးဟာ ကြည်လင်ပြီးတော့ စားသုံးမှုဟာ သင့်တင့်ကောင်းမွန်တဲ့ အမျိုးအစား ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ကတော့ ၆၇ လောက်သာဖြစ်တဲ့အတွက် ဆန်အရည်အသွေးကောင်းသော်လည်းပဲ အထွက်နှုန်းဟာ ၆၀၊ ၇၀ သာထွက်ရှိကြောင်း အလျဉ်းသင့်လို့ တင်ပြအပ်ပါတယ်။ လက်ရှိ ပြည်တွင်း မှာ စားသုံးမှုအရည်အသွေးကောင်းတဲ့ မဂျမ်းတောစပါးကို အရည်အသွေးကောင်းပြီး အထွက်နှုန်း ကောင်းတဲ့ စပါးမျိုးများနဲ့အစားထိုးနိုင်အောင်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဆန်စပါးစိုက်ပျိုး

ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်ရာမှာ အထွက်နှုန်းတိုးမြှင့် ရရှိရေးနှင့် အရည်အသွေးပိုမိုကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးမှု သီးနှံပုံစံမှာ နေရာဒေသတစ်ခုအတွင်း စပါးမျိုးခင်းများစွာ စိုက်ပျိုးနိုင်မှုကြောင့် ထုတ်လုပ်ရရှိတဲ့ စပါးများမှာ မျိုးတစ်ခုနှင့်တစ်ခု ရောနှောပြီး အရည်အသွေးနိမ့်ကျနေတာကိုလည်း တွေ့ရှိရပါတယ်။ စပါးအရည်အသွေးနိမ့်ကျမှုကြောင့် ဆန်အရည်အသွေးများလည်း နိမ့်ကျလာခြင်းဖြစ်ပြီး ပြည်ပ ဆန်စျေးကွက်မှာလည်း စျေးနှုန်းရရှိမှု၊ စျေးကွက်ခိုင်မာမှုအားနည်းနေတာကို တစ်ဆက်တည်း ကြုံတွေ့ ကြရပါတယ်။ ဒါကြောင့်မို့လို့ ပုလဲသွယ်စပ်မျိုးစပါးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးစေ့ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်ခြင်းမရှိသေးတဲ့အတွက် အရည်အသွေးကောင်းဆန်များ ထုတ်လုပ်လာနိုင်အောင် တိုင်းဒေသကြီး/ပြည်နယ်များမှာ ဒေသနှင့်ကိုက်ညီတဲ့ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း HYP လို့ခေါ်တဲ့ မျိုးချန်လို့ရတဲ့ အထွက်ကောင်း စပါးမျိုးတွေကို နှစ်မျိုးသုံးမျိုး ရွေးချယ်ပြီးတော့ မျိုးသန့်ဇုန်များ တည်ထောင်စိုက်ပျိုး ထုတ်လုပ်ဖို့ကိုလည်း သတင်းစာ၊ ရုပ်မြင်သံကြားနှင့် လယ်ယာစီးပွား သတင်းစာတို့မှာ နှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ မိမိတို့ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း စပ်မျိုးစပါးနှင့် HYP မျိုးချန် ၍ရသော ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးကောင်းစပါးမျိုးများကို ဌာနပိုင်ခြံတွေကနေပြီးတော့ Leader Seed, Foundation Seed, Register Seed စသည့်ထုတ်လုပ်ပေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်မြို့နယ်များမှာ ခြံများက ဖြန့်ဖြူးလိုက်တဲ့ မျိုးသန့်များကို အကျိုးဆောင် တောင်သူများနဲ့ သော်လည်းကောင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများနဲ့သော်လည်းကောင်း မိမိတို့ဒေသတွေ မှာ မျိုးသန့်ဇုန်များပေါ်ပေါက်လာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**လယ်ယာစိုက်ပျိုးစရိတ် မလုံလောက်သော တောင်သူများကို အတိုးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ပေါင်နှံနိုင်ရန်နှင့် စိုက်ပျိုးစရိတ်တွင် ထူး၍မကွာဘဲ စျေးကောင်းပိုနိုင်မည့် အထက်တန်းစားဆန်များ တင်ပို့ရေး ရည်ရွယ်လျာထားချက်များနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ(ခ) အရ လယ်ယာမြေပိုင်ဆိုင်ခွင့်ကိုပေါင်နှံခြင်းပြုရာတွင် အစိုးရဘဏ် သို့မဟုတ် အစိုးရသတ်မှတ်ထား သောဘဏ်တစ်ခုခု၌ လုပ်ပိုင်ခွင့်ရလက်မှတ်မူရင်းကိုပေးအပ်၍ပေါင်နှံရမည်ဟုပါရှိပြီး ယင်းပုဒ်မ ၄၈(ဂ)အရ ယင်းသို့ပေါင်နှံရာ၌လက်ခံသည့်ဘဏ်မှတာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရှေ့မှောက်တွင် တံဆိပ် ခေါင်းခွန်ထမ်းဆောင်ရန် လယ်ယာမြေပေါင်နှံသည့်စာချုပ်ကိုချုပ်ဆိုရမည်ဟုလည်းပါရှိပါတယ်။ ဤ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအရဆိုပါက အစိုးရဘဏ်ခွဲများသည် ကျေးရွာအုပ်စုတိုင်း၌ရှိရပါမည်။ ယခုအခါမရှိသေးပါ။ ထို့အပြင် အစိုးရသတ်မှတ်ထားသော အခြားဘဏ်တစ်ခုခုဟုဆိုရာတွင်လည်းပဲ ယခုတိုင်မည်သည့်ကျေးရွာအုပ်စုတွင်မှ မည်သည့်ဘဏ်တို့မှာပေါင်နှံရမည်ဟုသတ်မှတ်ပြဋ္ဌာန်းခြင်း မရှိသေးပါ။ စိုက်ပျိုးစရိတ်ချေးငွေသက်သက်ဖြင့် လယ်ယာစိုက်ပျိုးစရိတ်မလုံလောက်သောတောင်သူ များကို ၎င်းတို့ကျေးရွာအုပ်စုများတွင် အတိုးနှုန်းသက်သာစွာဖြင့် နည်းဥပဒေပါအတိုင်း အလွယ်တကူ ပေါင်နှံရန်မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်း။ နိုင်ငံတကာကိုလည်း သိလိုပါတယ်။ ထို့အပြင် နိုင်ငံ တကာဈေးကွက်အနေအထားကိုချင့်တွက်၍ ကမ္ဘာ့ထိပ်တန်းဆန်စာရင်းဝင်ပေါ်ဆန်းမွှေးကို အဓိက နေရာတွင်ထားပြီး အဓိကဆန်ပို့ကုန်အဖြစ်ရာလျာထားမည်ဆိုပါက မြန်မာ့ရေမြေနဲ့လည်းကိုက်ညီပြီး တောင်သူများလည်း ပို၍ဈေးကောင်းရနိုင်မည်ဖြစ်ပါတယ်။ သို့ပါ၍ စိုက်ပျိုးစရိတ်တွင်ထူး၍မကွာဘဲ ဈေးကောင်းပိုနိုင်မည့် အထက်တန်းစားဆန်များတင်ပို့ရေး ရည်ရွယ်လျာထားချက်များရှိပါသလားကို သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း

ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ (က) စိုက်ပျိုးစရိတ်ချေးငွေသက်သက်ဖြင့် လယ်ယာစိုက်ပျိုးစရိတ်မလုံလောက်သောတောင်သူများကို မိမိတို့ကျေးရွာအုပ်စုများမှာ အတိုးနှုန်းသက်သာစွာဖြင့်နည်းဥပဒေပါအတိုင်း အလွယ်တကူပေါင်နှံနိုင်ရန် မည်သို့ဆောင်ရွက်ပေးရန်ရှိကြောင်း (ခ) ဆင်းရွှေလီဆန်အမျိုးအစားဖြင့် နိုင်ငံတကာဆန်ဈေးကွက်ရေရှည်တွင် ထိုးဖောက်နိုင်ပါမည်လား။ မည်သည့်အချက်များကြောင့် အခြားနိုင်ငံဆန်များထက် အရည်အသွေးတွင် ပို၍သာရည်ရှိနိုင်ပါသလား။ စိုက်ပျိုးစရိတ်တွင် ထူး၍မကွာဘဲ ဈေးကောင်းပိုနိုင်မည့်အထက်တန်းစားဆန်များတင်ပို့ရေး ရည်ရွယ်လျာထားချက်ရှိပါသလားဟူသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ ပထမမေးခွန်းနှင့်ပတ်သက်၍ တောင်သူလယ်သမားများ တိုက်ရိုက်အဆင်ပြေစွာစိုက်ပျိုးစရိတ်အရင်းအနှီးလိုအပ်ချက်ကို လက်တလောဖြေရှင်းတဲ့အနေနဲ့ ယခင်အစိုးရကာလမှာ စပါးသီးနှံတစ်ဧကကျပ် ၂၀၀၀၀ သာချေးခဲ့ရာမှ ယခု အစိုးရသစ်ကာလမှာ ၄၀၀၀၀ ကျပ်သို့လည်းကောင်း၊ ၅၀၀၀၀ ကျပ်သို့လည်းကောင်း၊ ၈၀၀၀၀ ကျပ်သို့လည်းကောင်း တိုးမြှင့်ချေးပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ စပါးတစ်ဧကငွေကျပ် ၁၀၀၀၀၀ နှုန်းသို့ တိုးမြှင့်ချေးငှားပေးရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်လိုအပ်ချက်အနေဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သော လယ်ယာမြေဥပဒေနဲ့ညီညွတ်စွာ၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၅ ပုဒ်မခွဲ(င)မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်ဟူသော ပြဋ္ဌာန်းချက်အတိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ထိုနည်းတူစွာ လယ်ယာမြေနည်းဥပဒေပုဒ်မ ၄၈ မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခြင်းပြုရာမှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားရှိပါတယ်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ယင်းလယ်ယာမြေပေါ်၌ စိုက်ပျိုးထုတ်လုပ်နိုင်ရန် အရင်းအနှီးရရှိရေးအတွက်သာပေါင်နှံရမည်။

(ခ) အစိုးရဘဏ် သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ်သောဘဏ်တစ်ခုခု၌သာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်မူရင်းကို ပေးအပ်၍ပေါင်နှံရမည်။

(ဂ) ပေါင်နှံသူနှင့် ပေါင်နှံခြင်းကိုလက်ခံသည့်ဘဏ်မှ တာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပေါင်နှံသည့်စာချုပ်ကိုချုပ်ဆိုရမည်။

(ဃ) ချုပ်ဆိုသောစာချုပ်၌ ရွေးနုတ်ရမည့်ကာလကိုသတ်မှတ်ဖော်ပြရမည်။

(င) ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း ၁၂၀ အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင်မှတ်ပုံတင်ရမည်။

(စ) ပေါင်နှံသူသည် ပေါင်နှံသည့်ကာလအတွင်း လယ်ယာမြေတွင်ဆက်လက်၍ စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသည်။

အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်စွာ မိမိတို့လုပ်ပိုင်ခွင့်ရရှိထားတဲ့ လယ်ယာမြေများကို ဥပဒေနှင့်အညီ ပေါင်နှံခွင့်ရရှိနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့အနီးကပ်ကြီးကြပ်မှုနဲ့ တစ်ချိန်တည်းတစ်ပြိုင်တည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ ခိုင်မာစွာဆောင်ရွက်ပေးပြီးမှသာလျှင် ဥပဒေနှင့်အညီ ပေါင်နှံခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အတတ်နိုင်ဆုံးပြီးစီးအောင်ဆောင်ရွက်လျက်ရှိပါတယ်။ ဤလုပ်ငန်းဟာ ယခင်က လုံးဝမှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုခဲ့တဲ့လုပ်ငန်းကို လယ်ယာမြေဥပဒေအရ စတင်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကဲ့သို့ပင် အလွန်ကျယ်ပြန့်ကြီးမားသော လုပ်ငန်းကြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး ဒုတိယမေးခွန်းနှင့်ပတ်သက်၍ဖြေကြားရလျှင် ဆင်းရွှေလီဆန်အမျိုးအစားမှာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မျိုးရယူစိုက်ပျိုးထုတ်လုပ်၍ရရှိသောစပါးကို အမည်ပေးထားခြင်းဖြစ်ပြီး၊ ယခုအစိုးရသစ်လက်ထက်မှာ မိမိတို့ကိုယ်တိုင် မိဘလိုင်းများပွားများထုတ်လုပ်ပြီး မျိုးစပ်ရရှိသည့်စပ်မျိုးစပါးကိုတော့ ပုလဲသွယ်ဟု

အမည်ပေးထားရှိပါတယ်။ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စံပြစိုက်ပျိုးပြသခြင်းတို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ ကမ္ဘာပေါ်မှာ လူဦးရေသန်းပေါင်း ၁၃၀၀ ကျော်ရှိတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စပ်မျိုးစပါးများစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းကြောင့် စားသုံးမှုဖူလုံမှုရှိနေပါတယ်။ အလားတူ အခြားနိုင်ငံများမှာလည်းပဲ ပြည်ပတင်ပို့နိုင်စွမ်းမြင့်မားနေခြင်းမှာ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းစပါးမျိုးများစိုက်ပျိုးပြီး အထွက်နှုန်းနှင့် အရည်အသွေးသာလွန်ကောင်းမွန်အောင် ဆောင်ရွက်နေခြင်းကြောင့်ဖြစ်သည်ကိုလည်းသိရှိရပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ စားလို့လည်းကောင်း၊ အရည်အသွေးလည်းကောင်း၊ ဈေးကွက်တွင်လည်း တွက်ခြေကိုက်သည့် ဘာစမာတီစပ်မျိုးစပါးများစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပိုလျှံသည်များကို ဈေးကွက်သို့တင်ပို့လျက်ရှိနေပါတယ်။ မြန်မာ့ဆန်စပါးသမိုင်းကိုပြန်ကြည့်မယ်ဆိုရင် စစ်မဖြစ်မီကာလက စပါးစိုက်ဧက ၁၂.၅ သန်းရှိပြီး လူဦးရေ ၁၅ သန်းသာရှိခဲ့ပါတယ်။ ဆန်တန်ချိန် ၃ သန်းအထိ နိုင်ငံခြားတင်ပို့နိုင်ခဲ့ပါတယ်။ ယခုစပါးစိုက်ဧက ၁၈ သန်းခန့်ရှိပြီး လူဦးရေမှာ ၆၀ သန်းရှိနေပြီဖြစ်ပါတယ်။ လူဦးရေကစဉ်ဆက်မပြတ်တိုးပွားပြီး မြို့ပြအဆောက်အဦများ၊ ဆေးရုံများ၊ လမ်းများ၊ လေယာဉ်ကွင်းများ၊ စက်ရုံ/အလုပ်ရုံများတိုးချဲ့လာခြင်းကြောင့် စိုက်ပျိုးမြေဧရိယာဟာ နေ့စဉ်နဲ့အမျှလျော့နည်း လျက်ရှိနေပါတယ်။ စိုက်ပျိုးမြေလယ်မြေဧက ၁၀၀၀ တိုးတက်ရန်အလွန်ပင်ခက်ခဲပါတယ်။ နိုင်ငံတကာဈေးကွက်ကိုယှဉ်ပြိုင်တင်ပို့နိုင်ရန် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းသီးနှံမျိုးများကို စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်လာပြီဖြစ်ရာ အထွက်နှုန်းကောင်းမျိုးသန့်များအသုံးပြုစိုက်ပျိုးခြင်း Seed Jump နည်းလမ်းဖြင့်သာလျှင် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါတယ်။ အခြားမည်သည့်နည်းလမ်းများနဲ့မျှ ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ပါ။ သို့အတွက်ကြောင့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းမျိုးစပါးများထုတ်လုပ်ပြီး နိုင်ငံခြားသို့တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ ပုဂ္ဂလိကအခန်းကဏ္ဍမှာလည်း ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြို့နယ်မှ ပုဂ္ဂလိကကုမ္ပဏီကြီးများဖြစ်တဲ့ ရွှေနဂါးမင်းကုမ္ပဏီ၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီ၊ ဂရင်းအေးရှားကုမ္ပဏီ၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီတွေမှာ မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံမှာ ၄၅၀ ဧက၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင်ဧက ၂၀၊ ကရင်ပြည်နယ်တွင် ဧက ၅၀၊ မွန်ပြည်နယ်တွင် ၂၅ ဧကနှင့် ဧရာဝတီတိုင်းမှာ ၄၀ ဧက

စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် Public Private Partnership စနစ်ဖြင့်သာဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။ နိုင်ငံတကာမှာ အစိုးရဌာနများအနေဖြင့် ကိုယ်တိုင်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းမရှိပါ။ ပုဂ္ဂလိကကဏ္ဍမျိုးစေ့ကုမ္ပဏီများမှသာလျှင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီတာဝန်ကို နိုင်ငံဝန်ထမ်းများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ စဉ်ဆက်မပြတ်ရေရှည်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍမျိုးစေ့ထုတ်ကုမ္ပဏီများ ပျံ့နှံ့ပေါ်ပေါက်လာရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

အလားတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဆန်တင်ပို့မှုစာရင်းများအရ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ်၊ ဧပြီလမှ ၂၀၁၃ ခုနှစ်၊ မတ်လအထိ ဆန်နှင့် ဆန်ထွက်ပစ္စည်းတန်ချိန် ၁.၂၄၉ သန်းတင်ပို့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းအရ သိရှိရပါတယ်။ ထိုသို့တင်ပို့ရာမှာ နယ်စပ် Border Trade ကနေ စုစုပေါင်းတန်ချိန် ၇၀၁၈၉၀၊ ပင်လယ်ရေကြောင်း Over Sea မှ စုစုပေါင်းတန်ချိန် ၅၄၇၆၇၀ တန်တင်ပို့ပြီးဖြစ်ပါတယ်။ Border Trade က တင်ပို့နိုင်ခြင်းမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ ၂ နိုင်ငံဖြစ်ပြီး Border Trade မှတင်ပို့တဲ့တန်ချိန် ၇ သိန်းကျော်အနက် ၆၉၀၀၀၀ ခန့်မှာ တရုတ်နိုင်ငံသို့တင်ပို့ခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ တရုတ်နိုင်ငံသို့အဓိကတင်ပို့ရတဲ့မျိုးများမှာ Height Grate Rice အခြားအရည်အသွေးကောင်းတဲ့ဆန်များဖြစ်ကြောင်းသိရှိရပါတယ်။ ဈေးနှုန်းအနေဖြင့်လည်း ဆန် ၁ တန်မှာ ဒေါ်လာ ၄၅၀ ပတ်ဝန်းကျင်ကြားရရှိကြောင်းသိရှိရပါတယ်။ ပင်လယ်ရေကြောင်း Over Sea မှတင်ပို့တဲ့ဆန်များမှာ ပေါ်ဆန်းကဲ့သို့ အဆင့်မြင့်စပါးများပါသလို အထွက်ကောင်းစပါးမျိုးများဖြစ်တဲ့ ဆင်းဧကရီ(၃)၊ မှော်ဘီ(၂)၊ ဆင်းသွယ်လှ၊ ရတနာတိုးစသည့် ဧည့်မထစပါးမျိုးများလည်းပါရှိကြောင်းသိရှိရပါတယ်။ အဲ့ဒီလို ဆန်ဈေးကောင်းရရှိနိုင်ဖို့အတွက် တင်ပို့တဲ့ဈေးကောင်းရရှိနိုင်ဖို့ဆိုသည်မှာ မျိုး၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ စိုက်ပျိုးတဲ့ဒေသရဲ့ရေမြေသဘာဝနှင့် ဆန်စက်အရည်အသွေးများကောင်းမွန်ရန် အထူးလိုအပ်ပါတယ်။ ဥပမာ- ဘာစမာတီစပါးကို ဟဲဟိုးမှာစိုက်တဲ့အခါမှာ အရည်အသွေးကောင်းမွန်ပြီးတော့ နေပြည်တော်မှာစိုက်တဲ့အခါမှာ အရည်အသွေးဟဲဟိုးလောက်မမီတာကိုတွေ့ရပါတယ်။ ဒါဟာ ရာသီဥတုကြောင့် Factor ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆန်အဆင့်မြင့်တင်ပို့နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်အပြင် ရေမြေသဘာဝ၊ ရာသီဥတုအခြေအနေနှင့် Post Service Technology အဆင့်မြင့်ဆန်စက်ကြီးများ

ပါ တည်ထောင်ကြိတ်ခွဲပြီး တင်ပို့ရန်လိုအပ်ကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁ း ၁၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးအစည်းအဝေးခန်းမအတွင်းမှာ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ်ထုတ်ပြန်နိုင်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်နိုင်ရေးနှင့်ပတ်သက်တဲ့မေးခွန်းကို လွှတ်တော်ကို မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ပြည်တွင်းငြိမ်းချမ်းရေး အပါအဝင် နိုင်ငံရေးအပြောင်းအလဲနှင့်တစ်ပါတည်း စီးပွားရေးအပြောင်းအလဲကိုပါ တစ်ပြိုင်နက် တည်းဖော်ဆောင်အကောင်အထည်ဖော်ရမယ့် နိုင်ငံရေးအနေအထားကို ရောက်ရှိနေပါတယ်။ ယခု

ကာလအနေအထားမှာ ဖြေလျှော့ဖို့ ကျန်ရှိနေတဲ့ အရာတွေ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ဖြေလျှော့ပေးနိုင်မှသာ ရှေ့မှာလျှောက်လှမ်းရမယ့် အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ နိုင်ငံရေးအပြောင်းအလဲကြီးများကို အဟန့်အတားမရှိထိထိရောက်ရောက်ဖော်ဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ အနေနဲ့ မမှိတ်မသုန်ယုံကြည်ပါတယ်။ ယခင်စစ်အုပ်ချုပ်ရေးကာလမှာ အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍတွေမှာရော၊ တရားဥပဒေစိုးမိုးမှုမှာရော အဆင့်ဆင့် ချို့ယွင်းအားနည်းချက်တွေ အများအပြား ဖြစ်ပေါ်ခဲ့တာတွေကို တွေ့ရပါတယ်။ အထူးသဖြင့် ဈေးကွက်စီးပွားရေးလို့ သုံးနှုန်းတဲ့တိုင်အောင် နိုင်ငံရဲ့ အရေးပါတဲ့ စီးပွားရေးလုပ်ငန်းတွေကို အများစုဟာ အာဏာအဝန်းအဝိုင်းနဲ့ပတ်သက်ဆက်နွယ်သူများရဲ့ စီးပွားရေးသာ ဖြစ်ခဲ့ပြီးတော့ မြန်မာ့စီးပွားရေးဟာ လူနည်းစုရဲ့လက်ထဲမှာသာရှိခဲ့ပါတယ်။ ယခုအခါ အုပ်ချုပ်ရေးစနစ်ပြောင်းခဲ့ပြီဖြစ်သော်လည်းပဲ စီးပွားရေးလည်ပတ်မှုပုံသဏ္ဍာန်ဟာဆိုလို့ရှိရင် ယခင်အတိုင်းပဲ ရှိနေဆဲဖြစ်တာကို တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို စီးပွားရေးလုပ်ငန်းတွေလည်း လုပ်ပိုင်ခွင့်တို့ဟာ လူနည်းစု ပိုင်ဆိုင်မှုတို့နဲ့ ကြီးမားကျယ်ပြန့်စွာထိန်းချုပ်နေဆဲဖြစ်လို့ ပွင့်လင်းမြင်သာတဲ့ အုပ်ချုပ်ရေး ပြည်သူအားလုံးယုံကြည်ကိုးစားစေရာဖြစ်တဲ့ အုပ်ချုပ်ရေးအဖြစ်ကို ကူးပြောင်းရောက်ရှိစေဖို့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍတို့မှာ အဟန့်အတားဖြစ်ပေါ်နေမှုတွေကို ဖယ်ရှားနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြိမ်ကြိမ်ပြစ်ဒဏ်တွေ လျှော့ပေါ့ပြီးတော့မှ လွတ်ငြိမ်းချမ်းသာခွင့်များ၊ ခွင့်ပြုမိန့်များ၊ ထုတ်ပြန်ခဲ့မှုများ ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ချမ်းသာမှုများ ရှိခဲ့တာ အကြိမ်ကြိမ်တွေ့ရှိရသလို ပြည်တွင်း/ပြည်ပမှာရှိတဲ့ ဆန့်ကျင်ဘက်နိုင်ငံရေးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်း၊ အဖွဲ့အစည်းအသီးသီးတို့ရဲ့ ပြည်ဝင်/ပြည်ထွက်မှုများကို ပြည်တော်ပြန်ဝင်ရောက်လာမှုကိုလည်း တွေ့ရှိနေရပါတယ်။ ဖြေလျှော့မှုအလီလီရှိခဲ့ပါတယ်။ သို့သော်ပါသော်လည်း လုံးဝကွင်းလုံးကျွတ် ခွင့်ပြုချက်မျိုး ထုတ်ပြန်ခဲ့တာမျိုးမရှိပါဘူး။ ထိုသို့ ထုတ်ပြန်ခဲ့ပါက လွတ်ငြိမ်းချမ်းသာခွင့်ကို အသီးသီးခံစားရရှိစေပြီးတော့မှ ထိုအမိန့်ကို ထုတ်ပြန်ပြီးတဲ့နောက် သတ်မှတ်ရက်တစ်ခုခုသတ်မှတ်ပြီး သတ်မှတ်ရက်ကနေစပြီးတော့မှ နိုင်ငံတော်မှာ တရားမဝင် အကျိုးခံစားမှုထပ်မံ မဖြစ်ပေါ်စေဖို့နှင့် ဖြစ်ပေါ်လာပါက ထိထိရောက်ရောက်အရေးယူနိုင်ဖို့၊ ယခင်အုပ်ချုပ်ရေးကာလက ရှိခဲ့တဲ့ ပိုင်ဆိုင်မှုများအားလုံးကို ဆက်လက်တည်ရှိနေစေရမယ်ဖြစ်သော်လည်း ယင်းပိုင်ဆိုင်မှုများမှ ကျသင့်တဲ့အခွန်တော်နှင့် ဒဏ်ကြေးငွေများ ပေးဆောင်စေဖို့၊ ဒီနေရာမှာ အခွန်

ဆောင်ရမယ့်ဟာတွေပါ တိုက်ရိုက်အခွန်၊ သွယ်ဝိုက်ခွန်ဆိုတဲ့ အခွန်တွေ ကျွန်တော်တို့ နိုင်ငံမှာ ဒီအခွန်တွေက နိုင်ငံလည်ပတ်မှုနှင့် ပြည်သူ ပြည်သားတို့အတွက် အရေးကြီးတဲ့ အခွန်တွေ နိုင်ငံတော်ရဲ့ ဝင်ငွေတွေဖြစ်တယ်ဆိုတာ သိဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဒဏ်ကြေးငွေတွေ ပေးဆောင်စေဖို့နဲ့ ဥပဒေနှင့်မလွတ်ကင်းဘူးလို့ ယူဆရမှုများနှင့် နိုင်ငံတော်မှ တရားမဝင်ရယူခဲ့မှုများကို ဖြေလျှော့သက်သာခွင့်ပြုပြီးနောက် နိုင်ငံတော်မှာ သန့်ရှင်းတဲ့အစိုးရ ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ ပြည်သူ့အကျိုးရှေးရှုတဲ့ ဥပဒေပြုရေးနှင့် တော်သင့်မှန်ကန်၍ ဘက်မလိုက်သော တရားစီရင်ရေးများ အမှန်တကယ်ဖြစ်ထွန်းပေါ်ပေါက်စေဖို့ နိုင်ငံတော်နှင့် စပ်ဆိုင်တဲ့ အမှုအခင်းများကို ပြည်သူတို့ ပွင့်လင်းမြင်သာစွာ သိရှိရေးအတွက် အမျိုးသားရင်ကြားစေ့ရေးဆောင်ရွက်မှုများကို အမှန်တရားပေါ်ပေါက်ရေးအဖွဲ့ ကဲ့သို့သော အဖွဲ့များဖြင့် မျှတမှန်ကန်စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ နက်နဲတဲ့ကိစ္စရပ်တွေနဲ့ အခြေခံနေတယ်ဆိုတာ ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ဦးတည်ရာဘက်တစ်ဖက်တည်းကို ရည်ညွှန်းပြောဆိုဘက်လိုက်လို့ မရနိုင်ပါဘူး။ တစ်ဖက်ကို ချမ်းသာခွင့်ပေးရင် အခြားတစ်ဖက်ကိုလည်း ချမ်းသာခွင့်ရကြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်နှင့်တစ်ဖက်လို့ပြောရတာ ကျွန်တော်တို့ဟာ စကားအရပြောရတာဖြစ်ပါတယ်။ အခုအချိန်မှာ ရှေ့ဆက်ပြီးတော့မှ အတူတကွသွားနေရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တစ်ချိန်တုန်းက အခြားတစ်ဖက်မှာ ရောက်ခဲ့တဲ့သူတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ အခုလက်ရှိရှေ့ဆက်သွားမယ့်နိုင်ငံရေးမှာ ပါဝင်ပူးပေါင်းသူတွေ အဖြစ်ကိုယ့်ကိုကိုယ်ခံယူပါတယ်။ နစ်နာတာတွေ၊ သင်ပုန်းမချေနိုင်တာတွေလို့ပြောကြရမယ်ဆိုရင် ကျွန်တော်တို့ဘက်က နစ်နာမှုတွေအများကြီးရှိခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့ဘက်ကလို့ ပြောခဲ့တဲ့စကားတွေစကားရပ်အဖြစ် ဥပမာထည့်သွင်းခြင်းဖြစ်ပါတယ်။ သို့သော်လက်ရှိအခြေအနေမှာ တစ်ဖက်ဖက်ကို ချမ်းသာခွင့်ပေးရင် အခြားတစ်ဖက်ကိုလည်း ချမ်းသာခွင့်ရကြမှာ အမှန်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄ အရ နိုင်ငံတော်သမ္မတဟာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပိုင်ခွင့်ရှိသလို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးပိုင်ခွင့်ရှိပါတယ်။ ယခုအစိုးရလက်ထက်မှာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် လျှော့ပေါ့ခွင့်ပြုမိန့်များ ထုတ်ပြန်ခဲ့တဲ့ သမ္မတကြီးနှင့်တာဝန်ရှိသူများကို ပြစ်ဒဏ်သက်သာလွတ်ငြိမ်းခွင့်ရသူများကိုယ်စားလည်း ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ပြောနေကြစကားတစ်ခုဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုတဲ့ စကားရပ်တွေဟာ ကျွန်တော်တို့ ရင်ထဲမှာ စွဲနေပါတယ်။ ငြိမ်းချမ်းစွာနှင့် ရင်ကြားစေ့နိုင်ရေးသည်သာ အကောင်းဆုံးနှင့် ဆုံးရှုံးမှုအနည်းဆုံးသော အောင်မြင်မှုဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးကို အခြားနည်းလမ်းတွေနဲ့ ကြမ်းတမ်းသောနည်းလမ်းတွေနဲ့ ဆောင်ရွက်တာကို အားမပေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ သည်းခံခြင်း၊ သင်ပုန်းချေခြင်းဆိုတာ မြန်မာတို့ရဲ့ ယဉ်ကျေးအစဉ်အလာလက်ကိုင်တရားဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ သင်ပုန်းချေဆိုတဲ့စကားလုံးနဲ့ ပျော်ဝင်နေကြတဲ့သူတွေဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ သင်ပုန်းချေနိုင်လွန်းလို့သာ ဒီလိုအခြေအနေမျိုးတွေနဲ့ ရှေ့ဆက်သွားလို့ရပါတယ်။ ရှေ့ဆက်သွားမှာလား၊ ရပ်နေမှာလား၊ နောက်ပြန်လှည့်မှာလားဆိုတဲ့မေးခွန်းကို ကျွန်တော်တို့က ရှေ့ဆက်သွားရမှာ ဖြစ်ပါတယ်။ အာဃာတ လက်ကိုင်ထားတဲ့ သင်ပုန်းမချေနိုင်သူတွေ ရှိကောင်းရှိပါမယ်။ ဒါပေမယ့် ကျွန်တော်တို့ ရှေ့ဆက်သွားရမှာ ဖြစ်ပါတယ်။ အခုရှေ့ဆက်သွားဖို့ ခြေလှမ်းစပြီးလှမ်းရတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေး၊ စီးပွားရေးဖြစ်တည်မှုများ နွေးကွေးနေတဲ့ လက်ရှိအခြေအနေမှ အဟန့်အတားများကို ထိုးဖောက်ကျော်လွှားပြီးတော့မှ ပြည်သူများအတွက် စည်းကမ်းကျနတဲ့ ဒီမိုကရေစီအပြောင်းအလဲကို အရှိန်အဟုန်ဖြင့် ဆောင်ကျဉ်းနိုင်ရန် ပြစ်မှုပြစ်ဒဏ်မှန်သမျှကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်တစ်ရပ်အဖြစ် ဖြေလျှော့ကင်းလွတ်စေခြင်းဖြင့် ဒီမိုကရေစီစနစ်၏ လိုလားပန်းတိုင်သို့ ပြေပြစ်ချောမွေ့စွာ ဆက်လက်လျှောက်လှမ်းနိုင်ပါမယ်ခင်ဗျား။ သို့ပါ၍ မေးလိုတဲ့ မေးခွန်းမှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်တစ်ရပ်ထုတ်ပြန်နိုင်ရန် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ လွှတ်တော်မှ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်

သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းကို ဖြေကြားခွင့် ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအနေနဲ့ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ်ထုတ်ပြန်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးများ ပါဝင်မှု ၃၀ ရာခိုင်နှုန်းထိ ပါဝင်လာရေးအတွက် မူဝါဒချမှတ်ဆောင်ရွက်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်ရှင်။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ယခုအခါမှာ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီအစိုးရသစ်၏ ဦးဆောင်မှုအောက်မှာ အရည်အချင်းအပြည့်အဝဖြင့် အမျိုးသားများနဲ့ တန်းတူညီမျှ ပါဝင်ထမ်းဆောင်နိုင်ရန် ကြိုးစားနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်အထမြောက်အောင်မြင်ရေးအတွက် အမျိုးသမီးများ၏ တန်းတူညီမျှစွာ ပါဝင်နိုင်ရေးကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်နေပါပြီရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့်၊ အစိုးရအဖွဲ့အပါအဝင် ဥပဒေပြုရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများနဲ့ ဌာနဆိုင်ရာအကြီးအကဲရာထူးများမှာ အမျိုးသမီးပါဝင်ထမ်းဆောင်မှုဟာ အမျိုးသားပါဝင်မှုအရေအတွက်နဲ့ နှိုင်းယှဉ်လို့ရှိရင် အလွန်နည်းပါးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးမှာ အမျိုးသမီးကိုယ်စားလှယ် ၂၅ ယောက် သာရှိပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၀ ဦးမှာ အမျိုးသမီးကိုယ်စားလှယ် ၄ ဦး ပဲရှိပါတယ်။ လွှတ်တော်နှစ်ရပ်ပေါင်းမှာ ကိုယ်စားလှယ် ၆၄၆ ဦးအနက် အမျိုးသမီးကိုယ်စားလှယ် ၂၉ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၄.၃၆ ရာခိုင်နှုန်းသာ ရှိတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ထို့အတူပါပဲ။ ပြည်နယ်နဲ့တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၈၈၇ ဦးအနက် အမျိုးသမီး ကိုယ်စားလှယ် ၂၄ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၂.၇ ရာခိုင်နှုန်းသာရှိပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်မှာဆိုရင် အမျိုးသမီးတစ်ဦးတစ်ယောက်မှ ပါရှိတာကိုလည်း မတွေ့ရပါဘူးရှင့်။ ပြည်ထောင်စုအစိုးရအဖွဲ့မှာလည်း ပြည်ထောင်စုဝန်ကြီးတစ်ဦး၊ ဒုတိယဝန်ကြီးခြောက်ဦး၊ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့

များမှာ အမျိုးသမီးဝန်ကြီးလေးဦးသာ ရွေးချယ်ခန့်ထားရတာကို တွေ့ရှိရပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးတွေနဲ့ အမျိုးသားများဟာ တန်းတူညီမျှမှုမရှိဘဲ တစ်ဖက်စောင်းနင်းဖြစ်အောင် အမျိုးသမီးအခွင့်အရေးများကို ချိုးနှိမ်ထားတယ်ဆိုတာ သက်သေပြနေပါတယ်။ ကျွန်မတို့အမျိုးသမီးတွေရဲ့ အရည်အချင်းဟာ အမျိုးသားတွေထက် တချို့နေရာတွေမှာ ပိုသာနေတာကို တွေ့ရပါတယ်။ ဥပမာဆိုလို့ရှိရင် ဆေးကျောင်းတက်ခွင့်အမှတ်ကို နှိုင်းယှဉ်ကြည့်ရင် အမျိုးသမီးတွေရဲ့ ရမှတ်က အမျိုးသားတွေထက် ရမှတ် ၃၀ ပိုမြင့်နေတာဟာ သက်သေတစ်ခု ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ လူဦးရေသန်း ၆၀ ရှိတဲ့အနက်မှာ အမျိုးသမီးဦးရေထက်ဝက်ကျော်ရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒီထက်ဝက်ရှိတဲ့ အမျိုးသမီး ဦးရေအတွက် ကိုယ်စားပြုတာဝန်ယူဆောင်ရွက်မယ့် ထိုက်သင့်လျောက်ပတ်သော အမျိုးသမီးအရေးအတွက်မှာ နိုင်ငံ၏အရေးကြီးသော ကဏ္ဍများဖြစ်တဲ့အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးမှာ ပါဝင်ခွင့်ရသင့်တယ်လို့ ကျွန်မအနေဖြင့် လေးနက်စွာယုံကြည်မိပါတယ်ရှင်။ အမျိုးသမီးကိုယ်စားပြုမှု အလုံအလောက်မရှိတဲ့ အုပ်ချုပ်ရေးယန္တရားတစ်ရပ်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုနိုင်မှာမဟုတ်ဘဲ မြန်မာနိုင်ငံရဲ့လူဦးရေ ၅၀ ရာခိုင်နှုန်းကို ထိရောက်စွာကိုယ်စားမပြုနိုင်သော ဥပဒေပြုအဖွဲ့တစ်ရပ် ပေါ်ထွန်းလာခြင်းဟာလည်း ဒီမိုကရေစီနည်းလမ်းကျတယ်လို့ မဆိုနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထမြောက်အောင်မြင်ရေးအတွက် အမျိုးသမီးများရဲ့ တန်းတူညီမျှပါဝင်နိုင်မှုကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်နေပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ မြန်မာနိုင်ငံရှိ လူမျိုးစုများ၏ ဓလေ့ထုံးစံများဟာ ကာလရှည်ကြာကျင့်သုံးလာတဲ့ အမျိုးသားဦးစားပေးစနစ်ဖြစ်ပြီးတော့ လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများမှာလည်း ကျား၊ မ ခွဲခြားဆက်ဆံမှုများကိုသဘာဝအဖြစ် လက်ခံထားကြတာကို တွေ့နေရပါတယ်။ ဒါကြောင့် အများပြည်သူဆိုင်ရာကဏ္ဍများမှာ ထုံးတမ်းအစဉ်အလာအဖြစ် အမျိုးသမီးများကို ဦးဆောင်နိုင်ရန် ထည့်သွင်းမစဉ်းစားသလိုဖြစ်နေတာကို တွေ့နေရပါတယ်ရှင်။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာ အထွေထွေသဘောတူစာချုပ် CEDAW၊ အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှမှုကိုမြှင့်တင်ခြင်း၊ ပီကင်းလုပ်ငန်းစဉ်သဘောတူညီချက်တို့ကို နိုင်ငံတကာစာချုပ် CEDAW Convention ကို မြန်မာနိုင်ငံအစိုးရမှ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးထားခဲ့ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်ရှင်။ CEDAW စာချုပ်၏ အဓိကလက်ခံထားတဲ့ အချက်များအနက် အရေးအကြီးဆုံးအချက်မှာ အမျိုးသားများနဲ့ အမျိုးသမီးများသည် တန်းတူရည်တူလူသားများ ဖြစ်ကြ

သည်ဟူသောအချက်ပဲဖြစ်ပါတယ်။ CEDAW အပိုင်း ၇ မှာ နိုင်ငံရေးနဲ့ ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူအခွင့်အရေးရှိပြီး တရားဥပဒေရေးဆွဲရေး၊ နိုင်ငံတော် အုပ်ချုပ်ရေးအပိုင်းများကို တက်ကြွစွာဆောင်ရွက်နိုင်ရန် တန်းတူညီမျှသော အခွင့်အရေးရှိကြောင်း ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်ရှင်။ ဒီစာချုပ်ပါအကြောင်းအရာများကိုလည်း လက်တွေ့ အကောင်အထည်ဖော်သင့်နေပါပြီရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုဖြစ်ရခြင်းအကြောင်းအရင်းကို လေ့လာကြည့်ရင် မြန်မာ့လူ့ အဖွဲ့အစည်းတွင် ကျား၊ မ လူမှုဘဝတာဝန်ထမ်းဆောင်မှုများကို ခွဲခြားဘောင်ခတ် သတ်မှတ်ထားခြင်း များနဲ့ အမျိုးသမီးပါဝင်မှုနဲ့ပတ်သက်၍ တိကျရှင်းလင်းသောမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိလို့ပဲဖြစ်ပါတယ်ရှင်။ အမျိုးသားနဲ့ အမျိုးသမီးများ ကိုယ်စားပြု မျှတစေရန် အမျိုးသမီးပါဝင်မှုအရေအတွက်ကို မြှင့်တင်ပေးရန် အစိုးရအနေဖြင့် ရည်ရွယ်ချက်များ တိတိကျကျသတ်မှတ်ပြီး အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် မူဝါဒ များချမှတ်ပေးရန်လည်း လိုအပ်လျက်ရှိနေပါတယ်ရှင်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်ရှင်။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများတွင် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်း ၃၀ အထိ၊ ၃၀ ရာခိုင်နှုန်းမဟုတ်ခဲ့ရင်လည်း ရာခိုင်နှုန်းလျှော့ချပြီး အမျိုးသမီးများပါဝင်နိုင်ရေးအတွက် မူဝါဒချမှတ်ဆောင်ရွက်ရန်ရှိပါသလားရှင်။ မရှိပါက မည်သည့်အတွက်ကြောင့် ဆောင်ရွက်ခြင်းမပြုပါသလဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းကို ပြန်လည်ဖြေကြားရမှာ ဥပဒေပြုအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့များက ပြန်လည်ဖြေကြားရမှာဖြစ်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးအဖွဲ့ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန-၂ က စတင်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး

ဦးစိုးမောင်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း ပမာဏပြောကြား လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ၂၁ ရာစုနှစ်မှာ အမျိုးသမီးများဟာ အမျိုးသားများနှင့် ဒိုးတူပေါင်ဖက် နယ်ပယ်အသီးသီးမှာဝင်ရောက် လုပ်ကိုင်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း အခြား ကမ္ဘာ့နိုင်ငံများနည်းတူ အမျိုးသမီးများပါဝင်ဆောင်ရွက်နေကြပါတယ်။ မြန်မာ့အသိုင်းအဝိုင်းမှာ ထုံးတမ်းစဉ်လာယဉ်ကျေးမှုများအရ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုများဟာ မရှိသလောက်ဖြစ်ပြီး တော့ အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သာလွန်ကောင်းမွန်တယ်ဆိုတာ အမှန်တွေ့မြင်နေရပါ တယ်။ မြန်မာနိုင်ငံမှာအခြားဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားပြည်တွင်းဥပဒေများမှာပါ ကျားမခွဲခြား ခြင်းမရှိပဲ တန်းတူနေရာပေးဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အိမ်နီးချင်း နိုင်ငံများထက် ပိုမိုပြီးတော့လွတ်လပ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနိုင်ငံ တာဝန် ထမ်းဆောင်ခြင်းနှင့် အခြားကဏ္ဍများမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အမျိုးသမီးများကို ခေတ်အဆက်ဆက် တွေ့မြင်ခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနှင့် နိုင်ငံတကာအမျိုးသမီးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်များကို ရှေ့တန်းမှ ပါဝင်လက်မှတ် ရေးထိုးခဲ့ပါတယ်။ ၁၉၅၄ ခု ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများ နိုင်ငံရေးအခွင့်အရေး သဘောတူ စာချုပ်အပါအဝင် နိုင်ငံတကာ စာချုပ်များကိုလေးစားလိုက်နာခဲ့ပါတယ်။ အမျိုးသမီးများကို နည်းမျိုးစုံ နှင့်ခွဲခြားမှုပပျောက်ရေးကွန်ဗင်းရှင်း (CEDAW) ကိုလည်း ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် နေ့မှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ပီကင်းလုပ်ငန်းစဉ်သဘောတူညီချက်ကဲ့သို့ နိုင်ငံတကာ သဘောတူညီချက်များကိုလည်း ပါဝင်သဘောတူညီခဲ့ပါတယ်။ မူဝါဒများကိုလည်း အခါအားလျော်စွာ ချမှတ်ပေးခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းအဖြစ် အစိုးရဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြရာမှာ လည်း မိမိရသည့်ဘွဲ့၊ ဝါသနာအပေါ်မှာမူတည်ပြီး အလုပ်လုပ်ကြတာဖြစ်တဲ့အတွက် ခွဲတမ်းအနေနှင့် အမျိုးသမီးများကို ၃၀ ရာခိုင်နှုန်းလို့ သတ်မှတ်ပေးလို့ရှိရင် လုပ်ကိုင်ခွင့်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဥပမာဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှာအမျိုးသားဝန်ထမ်းက ၇၃၂၀ ဦး ပဲရှိပြီးတော့ အမျိုးသမီး ဝန်ထမ်းက ၄၉၄၆ ဦးရှိပါတယ်။ ဒါကြောင့် အမျိုးသမီးဝန်ထမ်း ၄၀.၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနတွင် အမျိုးသားဝန်ထမ်းက ၃၆၅၆ ဦးပဲရှိပြီးတော့ အမျိုးသမီးဝန်ထမ်းက ၃၇၂၂ ရှိတဲ့အတွက် အမျိုးသမီးဝန်ထမ်းက ၅၀.၄ ရာခိုင်နှုန်းရှိပါတယ်။ စက်မှုဝန်ကြီးဌာနမှာ အမျိုးသား ၁၆၂၆၇ ဦးပြီး အမျိုးသမီးဝန်ထမ်းက ၂၄၁၅၄ ဦးရှိတဲ့အတွက် အမျိုးသမီးရာခိုင်နှုန်းက

၅၉.၇ ရာခိုင်နှုန်း ဖြစ်နေပါတယ်။ အလုပ်သမားဝန်ကြီးဌာနမှာ အမျိုးသား ဝန်ထမ်း ၉၆၂ ဦး ရှိပြီးတော့ အမျိုးသမီးဝန်ထမ်းက ၁၉၈၇ ဦးရှိတဲ့အတွက် အမျိုးသမီးဝန်ထမ်းက ၆၇.၄ ရာခိုင်နှုန်းရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှာဆိုရင် ဝန်ထမ်းပေါင်း ၃၃၄၉၀ ဦးရှိပြီးတော့ အမျိုးသမီးဝန်ထမ်းက ၂၇၇၀၀ ရှိတဲ့အတွက် အမျိုးသမီးဝန်ထမ်းက ၈၂.၇ ရာခိုင်နှုန်း ဖြစ်နေပါတယ်။ ပညာရေးဝန်ကြီးဌာနမှာဆိုရင် ဆရာဆရာမပေါင်း ၂၇၆၅၄၈ ဦးရှိရာမှာ ဆရာမအရေအတွက်ဟာ ၂၃၂၀၉၀ ဦးရှိတဲ့အတွက် ၈၃.၉၂ ရာခိုင်နှုန်းရှိကြောင်း တွေ့နေရပါတယ်။ အဲလိုအုပ်ချုပ်ရေး နယ်ပယ်မှာ အမျိုးသမီးများရဲ့ တာဝန်ထမ်းဆောင်မှုဟာ ၃၀ ရာခိုင်နှုန်း ကျော်နေတယ်ဆိုတာကို တင်ပြလိုပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် တရားစီရင်ရေးနယ်ပယ်မှာလည်းပဲ အမျိုးသားဝန်ထမ်းက ၂၇၀၅ ဦးရှိပြီးတော့၊ အမျိုးသမီးဝန်ထမ်းက ၂၂၇၉ ဦးထမ်းဆောင်နေရာ အမျိုးသမီးရာနှုန်းမှာ ၄၅.၇ ရာခိုင်နှုန်း ဖြစ်နေပါတယ်။ ရှေ့နေချုပ်ရုံးမှာအမျိုးသားဝန်ထမ်း ၁၁၁၆ ဦး ရှိပြီးတော့ အမျိုးသမီးဝန်ထမ်း ၁၀၅၁ ဦးရှိပြီးတော့ အမျိုးသမီး ရာခိုင်နှုန်းဟာ ၄၈.၅ ရာခိုင်နှုန်း ရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း တရားစီရင်ရေး နယ်ပယ်မှာလည်း အမျိုးသမီးဝန်ထမ်းဟာ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာအစိုးရအဖွဲ့ နိုင်ငံရေးပါတီနှင့်နိုင်ငံရေး အဖွဲ့အစည်းများမှာ ကျား/မပါဝင်မှု သတ်မှတ်ကျင့်သုံးမှုမပြုပါဘူး။ ဒါမှလည်း ဒီမိုကရေစီကျင့်စဉ်အရ ပြည်သူတို့ လိုလားတဲ့ ယုံကြည်အားကိုးတဲ့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ ပြည်သူများရဲ့ ကိုယ်စားလှယ်ဖြစ်ဖို့အတွက် ပထမဦးစွာ မိမိပါတီရဲ့ ယုံကြည်ကိုးစားမှုခံရတဲ့သူ ဖြစ်ဖို့လိုပါတယ်။ မိမိပါတီက မိမိကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်သတ်မှတ်ပေးမှာဖြစ်ပါတယ်။ မိမိပါတီက ရွေးချယ်သတ်မှတ်ပြီး သက်ဆိုင်ရာနယ်မြေရဲ့ ရွေးချယ်တင်မြှောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲနဲ့ ပြည်သူ့ကိုယ်စားလှယ်အဖြစ် အရွေးခံရမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်းပဲ ၎င်းတို့ ယုံကြည်မှသာ မိမိကိုပြည်သူ့ ကိုယ်စားလှယ်အဖြစ် ရွေးချယ်မှာဖြစ်ပါတယ်။ ဘယ်အမျိုးသား၊ ဘယ်အမျိုးသမီးကို ရွေးချယ်ပါလို့ သတ်မှတ်ပေးလို့ ကျွန်တော်တို့ မရပါဘူး။ အာရှနိုင်ငံအများစုမှာ Quota System နဲ့ပြဋ္ဌာန်းထားတာ မတွေ့ရပါဘူး။ ထိုင်းနိုင်ငံမှာတော့ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀ မှာတော့ နိုင်ငံရေး ကဏ္ဍတွင် အမျိုးသမီးများအား ပါဝင်ခွင့် ပိုမိုပေးရန်မှာ ပထမခြေလှမ်းဖြစ်သည်ဟု ဖော်ပြထားတာ လေးတော့ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာတော့ အမျိုးသား၊ အမျိုးသမီးများဟာ တန်းတူအခွင့် အရေးကို အခြေခံဥပဒေအပြင် ရိုးရာဓလေ့ထုံးတမ်းများအရပါ တန်းတူအခွင့်အရေးများ ရရှိထားပြီး ဖြစ်ပါတယ်။

မည်သူမဆို တိုးတက်ထူးချွန်တဲ့ နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားခြင်းဖြင့် အုပ်ချုပ်ရေးနယ်ပယ်နဲ့ တရားစီရင်ရေးနယ်ပယ်တို့မှာ ဌာနဆိုင်ရာအကြီးအကဲရာထူးရရှိဖို့ဆိုရင် ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ထူးချွန်မှုအလိုက် အရည်အချင်း၊ အရည်အသွေးအလိုက် နေရာရရှိမှာဖြစ်ပါတယ်။ ဥပဒေပြုရေးဖြစ်တဲ့ လွှတ်တော်ဆိုင်ရာနယ်ပယ်အတွက်ကတော့ မည်သည့်အမျိုးသမီး၊ မည်သည့်အမျိုးသားမဟူ ပြည်သူများရဲ့ ယုံကြည်မှုရရှိမှသာ ပြည်သူ့ကိုယ်စားလှယ်ဖြစ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများအနေနဲ့သက်ဆိုင်ရာပါတီနဲ့ သက်ဆိုင်ရာဒေသခံလူထုရဲ့ မဲဆန္ဒရအောင် ယှဉ်ပြိုင်အရွေးခံနိုင်ဖို့သာ အဓိကလိုရင်းဖြစ်ပါတယ်။ ပါတီနဲ့ ဒေသခံမဲဆန္ဒရှင်များက သဘောကျရန်လည်း အခုတင်ပြတဲ့ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်သွားနိုင်ပါတယ်။ ဒါကြောင့် တစ်ဖက်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၂ မှာ မည်သည့်နိုင်ငံသားကိုမှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ၎င်းအပြင် ဒီမိုကရေစီကျင့်စဉ်အရ အရည်အချင်း၊ အရည်အသွေးပိုင်းမှာ ယှဉ်ပြိုင်အရွေးခံရမှာဖြစ်တဲ့တွက် ရာခိုင်နှုန်းအနေနဲ့ သတ်မှတ်ပေးရန် မဖြစ်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး ခုနက ပြည်ထောင်စုဝန်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ တရားစီရင်ရေးကဏ္ဍမှာဆိုလို့ရှိရင် အမျိုးသမီးတရားသူကြီးနှင့် အမျိုးသမီးအရာရှိစုစုပေါင်း ၄၈.၆ ရာခိုင်နှုန်းတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ခုနက ပြည်ထောင်စုဝန်ကြီးတင်ပြတဲ့ရာခိုင်နှုန်းနဲ့ နည်းနည်းလေးကွာခြားတာကတော့ ကျွန်တော်တို့ အသစ်ခန့်ထားတာနဲ့ အငြိမ်းစားယူတာတွေရှိတဲ့အတွက် အနည်းငယ်လေးပဲ ကွာခြားပါတယ်။ သာမန်အားဖြင့်ပြောရရင်တော့ ၄၈.၆ ရာခိုင်နှုန်းရှိပါတယ်။ ခရိုင်နှင့်မြို့နယ်မှာ တရားသူကြီးနှင့် တရားရေးအရာရှိပေါင်း ၁၁၅၅ ဦးရှိရာမှာ အမျိုးသားတရားသူကြီးက ၅၈၄ ဦးရှိပြီး အမျိုးသမီးတရားသူကြီးက ၅၇၁ ဦးရှိတဲ့အတွက် ရာခိုင်နှုန်းအားဖြင့်ဆိုရင်တော့ ၄၉.၄ ရာခိုင်နှုန်းရှိပါတယ်။

နောက်ကျွန်တော်တို့ တရားစီရင်ရေးကဏ္ဍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ တာဝန်ထမ်းဆောင်နေတာလည်း အမျိုးသမီးအရာရှိဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ပြည်နယ်နှင့်တိုင်းဒေသကြီး တရားလွှတ်တော်များမှာဆိုရင်လည်း အမျိုးသားတရားသူကြီးဟာ ၃၆ ဦးရှိပြီး အမျိုးသမီးတရားသူကြီးဟာ ၁၆ ဦးရှိတဲ့ အတွက် ရာခိုင်နှုန်းအားဖြင့် ၃၇.၇ ရာခိုင်နှုန်းရှိပါတယ်။ တရားစီရင်ရေးကဏ္ဍအဆင့်ဆင့်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးမှာတော့ အမျိုးသမီးတရားသူကြီးက အနည်းဆုံးဖြစ်ပေမယ့်လို့ ဒီအနည်းဆုံး သည်ပင်လျှင် ၃၀.၇ ရာခိုင်နှုန်းရှိတဲ့အတွက် ၃၀ ရာခိုင်နှုန်းထက်ကျော်လွန်ပါကြောင်း တင်ပြအပ်ပါတယ်။ စုစုပေါင်းအားဖြင့်ဆိုရင်တော့ ကျွန်တော်ခုနက တင်ပြခဲ့တဲ့အတိုင်းပဲ အမျိုးသမီးတရားသူကြီးများက ၄၈.၆ ရာခိုင်နှုန်းရှိတဲ့အတွက် ဒေါ်ခင်စောဝေတင်ပြတဲ့ တရားစီရင်ရေးအဖွဲ့အသီးသီးမှာ အမျိုးသမီးများပါဝင်မှု ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်အောင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေပြုအဖွဲ့ရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကပဲ ပြန်လည်ဖြေကြားပေးပါမယ်။ ဒေါ်ခင်စောဝေမေးတဲ့မေးခွန်းရဲ့ အဓိကလိုလားချက်က ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များတွင် အမျိုးသမီးများပါဝင်မှု အချိုးအစား အဓိကဒီမေးခွန်းကို မေးခြင်းပဲဖြစ်ပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့ကဖြေကြားသွားတာကတော့ ဒီအဖွဲ့အစည်းများအပြင် ဝန်ထမ်းများမှာ အမျိုးသမီး၊ အမျိုးသား ရာခိုင်နှုန်းပါတွက်ချက်ပြီးတော့ ဖော်ပြသွားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေပြုရေးနှင့်ပတ်သက်သော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပြန်လည်ပြီးတော့ ဆွေးနွေးတင်ပြချင်တာက အမျိုးသမီးများ နိုင်ငံရေး သို့မဟုတ်လို့ရှိရင် နိုင်ငံ့အရေးကိစ္စကို ယခုထက်ပို စိတ်ဝင်စားပြီးတော့ ဆက်လက်ကျင်းပမယ့် ရွေးချယ်တင်မြှောက်ပွဲများမှာ ပါဝင်ခြင်းအားဖြင့် အမျိုးသမီးများရဲ့ ရာခိုင်နှုန်း သို့မဟုတ် ဦးရေဟာ ယခုလက်ရှိ ဦးရေထက်များပြားလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသမီးများ မိမိတို့နိုင်ငံရဲ့ နိုင်ငံ့အရေး၊ နိုင်ငံရေးကိစ္စများမှာ ပိုမိုစိတ်ဝင်စားပြီးတော့ လာမယ့်ရွေးကောက်ပွဲများမှာ ဒီထက်အရေအတွက်များများ ဝင်ခြင်းအားဖြင့် အကယ်လို့များ အမျိုးသမီးများဟာ ရာခိုင်နှုန်းပြည့် နိုင်သွားမယ်ဆိုရင် ဒီလွှတ်တော်ထဲမှာ အမျိုးသမီးတွေ တွေ့ရှိရ မှာဖြစ်ကြောင်းဖြေကြားပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကိုဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့သော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ဖြစ်သော ၅-၂-၂၀၁၃ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်း၊ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၈-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာပြီး ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်သော ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃

ရက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဦးသိန်းညွန့်၊ သယ်ံနီးကျွန်းမဲဆန္ဒနယ်က လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ ဦးသိန်းညွန့်တင်သွင်းတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ နှင့် အပိုဒ် ၃ ကို အတည်မပြုသင့်ကြောင်း၊ အပိုဒ် ၄ ကို စာသားပြင်ဆင်၍လည်းကောင်း၊ အပိုဒ် ၁ နှင့်အပိုဒ် ၅ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း လက်ခံသင့်ကြောင်း ဖော်ပြထားရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လို့တဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၆-၁-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ဆွေးနွေးချက်တစ်စုံတစ်ရာ တင်ပြလာခြင်းမရှိပါ။ ဒါကြောင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းတဲ့ မေးခွန်းကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက အစီအစဉ်မရှိကြောင်းပြန်လည်ဖြေကြားခဲ့ပါတယ်။ မိမိလွှတ်တော်ဥက္ကဋ္ဌ ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်အနေနဲ့၊ အမျိုးသားကာကွယ်ရေးလုံခြုံရေးကောင်စီ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ မိမိတို့ဆောင်ရွက်တဲ့နေရာမှာ စာနာထောက်ထားခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ ကျေးဇူးကို အသိအမှတ်ပြုခြင်း၊ ခွင့်လွှတ်စာနာခြင်းများဟာ ကောင်းတဲ့အခြင်းအရာများဖြစ်တယ်လို့ ခံယူပြီး အခု ဦးခိုင်မောင်ရည်မေးမြန်းတဲ့ မေးခွန်းအပေါ် မိမိစွမ်းအားရှိသ၍ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း ဦးခိုင်မောင်ရည်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြလိုပါတယ်။ မိမိတို့ လွှတ်တော်အတွင်းမှာ ဆောင်ရွက်ပြောဆိုနေတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ မိမိတို့လွှတ်တော်တွင်မက တစ်နိုင်ငံလုံးမှာ တကယ့်ကို လိုအပ်တဲ့ ကိစ္စများဖြစ်ပါတယ်။ ဒီအပေါ်အခြေခံပြီး ပြီးခဲ့တဲ့ အတိတ်ကာလအခြေအနေ

ပေါ် သင်ပုန်းချေတယ်ဆိုတာထက် ပြန်လည်သုံးသပ်ပြီး သင်ခန်းစာယူပြီး နောင်ဤကဲ့သို့ မဖြစ်ရေးကို ရှေးရှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၊ လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။ (သြဘာသံများ)

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရဲ့ ညွှန်ကြားချက်ကို ကျွန်တော့်အနေနဲ့ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၂) ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၇ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၁၂း၃၀ နာရီတွင်ရပ်နားပါသည်။]